ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောကဥ္စ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောကဥ္စရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၊ တနင်္လာနေ့။ Monday, 30 June 2025 ၁၁၈၆၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဇွန် ၂၉**

ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်သို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသော နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် Buryatia ပြည်နယ် Ulan-Ude မြို့ Baikal အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့★

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## ယနေ့ ဖတ်စရာ


မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့် သံဃာတော်၊ သီလရှင်များအတွက် မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း မြန်မာပြည်ဖွားတရုတ်မျိုးနွယ်စုနှင့် စေတနာရှင်များ စုပေါင်း၍ ငွေကျပ် သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဆန်၊ ဆီနှင့် ကုလားပဲများ လှူဒါန်း
စာမျက်နှာ » ၁၀

အမျိုးသမီးဂုဏ်ရည်
ဆောင်းပါး စာမျက်နှာ » ၁၁

ရှောင်လေဝေးဝေးမူးယစ်ဆေး
ဆောင်းပါး စာမျက်နှာ » ၁၇

လူ့နှစ်သိန်းကို နှစ် ၃၀ ကြာ လေ့လာပြီးနောက် နှလုံးကျန်းမာရေး သော့ချက်ကို တွေ့ရှိ
နည်းပညာနှင့် သုတကမ္ဘာ
စာမျက်နှာ » ၁၉

ကြေးမုံ

# ကောင်းမွန်သည့်အနာဂတ်တည်ဆောက် စီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် “တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်” ဟူသည့် ရှေ့လုပ်ငန်းစဉ်ကို ချမှတ်ထားသည်။ အဆိုပါရှေ့လုပ်ငန်းစဉ်နှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးကဏ္ဍ၌ အတိုင်းအတာတစ်ခုအထိ အောင်မြင်ဖြစ်ထွန်းလာသည်။

နိုင်ငံတော်၏ စီးပွားရေးတိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ရာ၌ “တိုးတက်မြင့်မားလာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး” ဟူသည့် စီးပွားရေးဦးတည်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ခဲ့သောကြောင့် အောင်မြင်မှုအတိုင်းအတာတစ်ခုအထိ ရရှိလာခြင်းဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာ၌ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေပြီး လယ်ယာထွက်ကုန်ကဏ္ဍမှတစ်ဆင့် နိုင်ငံခြားဝင်ငွေ အများဆုံးရှာဖွေပေးလျက်ရှိသည်။

MSME ကဏ္ဍသည် ကမ္ဘာ့စီးပွားရေး၏ ကျောရိုးဖြစ်သကဲ့သို့ ဆင်းရဲမှုလျှော့ချရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ အောင်မြင်ရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတွင် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိရှိသည်။ ထို့ကြောင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမြင့်မားလာရေးကို နိုင်ငံတော်အစိုးရက အားပေးမြှင့်တင် ကူညီပေးလျက်ရှိသလို MSME လုပ်ငန်းရှင်များကလည်း ဒေသစီးပွားရေး၊ နိုင်ငံ့စီးပွားရေး မြင့်မားတိုးတက်လာအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

မျက်မှောက်ခေတ်ကာလတွင် MSME လုပ်ငန်းများအနေဖြင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာနေသည့် စီးပွားရေးပတ်ဝန်းကျင်တွင် ခိုင်မာစွာရှင်သန်ရပ်တည်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို မဖြစ်မနေလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်သည်။ ရှေးယခင်က သမားရိုးကျစီးပွားရေးစနစ်ကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရာမှ ယခုအခါ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာသဖြင့် တိုးတက်အောင်မြင်မှုများ အတိုင်းအတာတစ်ခုအထိရရှိလာသည်။ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်သည် လုပ်ငန်းဆောင်ရွက်မှု၌ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ခြင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်များ ချဲ့ထွင်နိုင်ခြင်း၊ ဖောက်သည်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာခြင်းနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးမြှင့်ပေးခြင်းစသည့် အကျိုးကျေးဇူးများစွာရရှိနိုင်သည်။

ထို့အပြင် ဘဏ္ဍာရေးအထောက်အပံ့၊ ဈေးကွက်ရှာဖွေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစပြုလုပ်ငန်းများ ပေါ်ထွန်းလာစေရေးတို့သည် MSME လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရေးကြီးသည့် ကဏ္ဍဖြစ်သည်။ MSME လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှုအတွက် အရင်းအနှီးလိုအပ်ချက် အမြဲရှိနေခြင်းကြောင့် ချေးငွေများ၊ အာမခံများ၊ အသေးစားချေးငွေစနစ်များနှင့် အခြားသောဘဏ္ဍာရေးဝန်ဆောင်မှုများကို လွယ်ကူချောမွေ့စွာ ရရှိနိုင်ရေး ပံ့ပိုးကူညီပေးနိုင်ရန် အရေးကြီးသည်။ ဘဏ္ဍာရေးအထောက်အပံ့ကောင်းမွန်မှသာ လုပ်ငန်းများတိုးချဲ့နိုင်မည်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။

ယနေ့ခေတ်ကာလ၏ ပြိုင်ဆိုင်မှုပြင်းထန်နေသော ဈေးကွက်စီးပွားရေးစနစ်တွင် MSME လုပ်ငန်းများ အောင်မြင်စေရန်အတွက် ထိရောက်သည့် ဈေးကွက်ရှာဖွေရေး နည်းဗျူဟာများ လိုအပ်မည်ဖြစ်သည်။ ဒစ်ဂျစ်တယ်ဈေးကွက်ရှာဖွေရေး၊ လူမှုမီဒီယာဈေးကွက်ရှာဖွေရေး၊ ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းနှင့် ကွန်ရက်တည်ဆောက်ခြင်းလုပ်ငန်းများ စသည်တို့သည်လည်း MSME လုပ်ငန်းများအတွက် အရေးကြီးသည့် ဈေးကွက်ရှာဖွေရေး နည်းလမ်းများပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယခုလေးနှစ်တာကာလအတွင်း MSME လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် အထူးဦးစားပေးဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းတစ်ခုချင်းစီအလိုက် တိုးတက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ထိရောက်သည့် ဈေးကွက်ရှာဖွေရေးနည်းဗျူဟာများကို အသုံးပြုပြီး စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်များကို အသိအမှတ်ပြုမြှင့်တင်ပေးပြီး အစိုးရ၊ ပုဂ္ဂလိက၊ အဖွဲ့အစည်းများနှင့် MSME လုပ်ငန်းရှင်များအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေပြီး သာယာဝပြောသည့် အနာဂတ်ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

**၂၉-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ ဈေးနှုန်းမှာ ငွေကျပ် ၅၈၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ




## စစ်တောင်းမြစ်၊ ပဲခူးမြစ်နှင့် သံလွင်မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဇွန် ၂၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ပဲခူးမြို့နယ်နှင့် ဘားအံမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## အင်းစိန်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆွေးနွေးဟောပြော

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)နှင့် မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း၍ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး စုပေါင်းဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကို ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး(အင်းစိန်) လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးဟောပြောပွဲတွင် မေးမြန်းဆွေးနွေးသူအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက ဆောင်ရွက်၍ ဖြေကြားဆွေးနွေးသူအဖြစ် အင်းစိန်မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ စာရေးဆရာ၊ သတင်းစာဆရာဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ဆောင်ရန် ရှောင်ရန်လုပ်ငန်းများနှင့် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များအကြောင်းကို ဆွေးနွေးဟောပြောသည်။

အဆိုပါ ဆွေးနွေးချက်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုမီဒီယာ အွန်လိုင်းမှတစ်ဆင့် ပြည်သူများ ကြည့်ရှုနားထောင်ဗဟုသုတရရှိနိုင်ရန် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြင့်ဦး

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေး ယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၁၃-၆-၂၀၂၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

★ ရှေ့ဖုံးမှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များအား လေဆိပ်တွင် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် အဖွဲ့ဝင်များ ပြန်လည်လိုက်ပါလာကြသည်။

အဆိုပါခရီးစဉ်များအတွင်း နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ခြင်း၊ EAEU ၏ အလှည့်ကျဥက္ကဋ္ဌ ဖြစ်သည့် ဘယ်လာရုစ်နိုင်ငံသမ္မတနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ Eurasian Economic Union – EAEU အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်သို့ ရောက်ရှိချိန်တွင်လည်း စက်ရုံ၊ အလုပ်ရုံများသို့သွားရောက်လေ့လာခဲ့ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာ စသည့်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာအောင်ဆောင်ရွက်နိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

❋ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
❋ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
❋ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
❋ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်း ပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
❋ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
❋ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
❋ မွေးမြူရေးကန်၏ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
❋ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
❋ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက် နားထောင် ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
❋ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Baikal ရေကန်နှင့် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာ

**နေပြည်တော် ဇွန် ၂၉**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ Buryatia ပြည်နယ်၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Baikal ရေကန်နှင့် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေး စက်ရုံတို့သို့ သွားရောက်လေ့လာသည်။

**ကြည့်ရှုလေ့လာ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများလိုက်ပါ၍ Baikal ရေကန်အား ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ထိုသို့ကြည့်ရှုလေ့လာစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲက Baikal ရေကန်ဆိုင်ရာ အချက်အလက်များနှင့် ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Baikal ရေကန်အတွင်း ရေယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ Baikal ရေကန်သည် ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတောင်ပိုင်း Irkutsk Oblast နှင့် ဘူရားတီးရား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်တို့အကြားတွင် တည်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် အနက်ဆုံး ရေကန်တစ်ခုဖြစ်ပြီး အနက် ၁၆၄၂ မီတာ (၅၃၈၇ ပေ) ရှိကြောင်း၊ ထို့ပြင် လွန်ခဲ့သော နှစ်ပေါင်းသန်း ၃၀ ခန့်ကတည်းက တည်ရှိခဲ့သည့် ရှေးအကျဆုံး ရေချိုရေကန်တစ်ခုလည်းဖြစ်ကြောင်း၊ UNESCO မှ ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် ၁၉၉၆ ခုနှစ်တွင် စာရင်းသွင်းခဲ့ပြီး ရှားပါးသော အပင်မျိုးစိတ် ၁၀၀၀ ခန့်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၂၅၀၀ ခန့် ရှိသည့် ရေကန်တစ်ခုဖြစ်ကြောင်း၊ လခြမ်းပုံရှည်လျားသည့် ပုံသဏ္ဌာန်ရှိပြီး သဘာဝ၏အလှတရားနှင့် ထူးခြားသောအမွေအနှစ်တို့ဖြင့် ပြည့်နှက်လျက်ရှိသော ရေကန်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေး စက်ရုံသို့ရောက်ရှိရာ စက်ရုံအကြီးအကဲ Zaborskikh Sergey Alexandrovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း ပြုပြင်ရေးလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုလေ့လာကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ စက်ရုံအကြီးအကဲနှင့် တာဝန်ရှိသူများက Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံနှင့်ပတ်သက်၍ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်မှု၊ နိုင်ငံတကာနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Baikal ရေကန်ကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာစဉ် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲက Baikal ရေကန်ဆိုင်ရာ အချက်အလက်များနှင့် ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံအကြီးအကဲအား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့ရှိ Leo Bardamov ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည်ကောင်စီတွဲဖက်အတွင်းရေးမှူး၏ ဇနီး ဒေါ်နီလာနှင့် အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ ဇနီးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် Leo Bardamov ပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား Buryatia ပြည်နယ် ဒုတိယအကြီးအကဲ Ms. Evgenia Yurievna Ludupova နှင့် Leo Bardamov ပြတိုက်မှတာဝန်ရှိသူများကကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့ဝင်များသည် Leo Bardamov ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုရာ ပြတိုက်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ Ulan-Ude မြို့ရှိ Leo Bardamov ပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် Leo Bardamov ပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် ပြတိုက် တာဝန်ရှိသူတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ Leo Bardamov ပြတိုက်သည် အူလန်အူဒယ်မြို့တွင် တည်ရှိပြီး ရှေးခေတ်ဆိုဗီယက်လူမျိုးတို့၏ ယဉ်ကျေးမှုအနုပညာလက်ရာများ၊ သမိုင်းကြောင်းများနှင့် စာပေများကို လေ့လာနိုင်သည့်အပြင် ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် သမိုင်းကြောင်းများ၊ ဆင်းတုတော်များနှင့် ၂၀ ရာစုနှစ် အနုပညာရှင်တို့၏ လက်ရာများကို လေ့လာခံစားနိုင်ကြောင်း၊ နေ့စဉ် ၁၁:၀၀ နာရီမှ ၁၉:၀၀ နာရီအထိ ဖွင့်လှစ်ပြီး ပြတိုက်အတွင်း၌ စာပေယဉ်ကျေးမှုပန်းချီများ၊ အသုံးအဆောင်များ စသည့် အနုပညာလက်ရာ အမျိုးအစားပေါင်း ၅၀၀၀ ကျော်ပြသထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် Leo Bardamov ပြတိုက်တာဝန်ရှိသူတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြစဉ်။



☆ စာမျက်နှာ ၄ မှ

အဆိုပါ Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံသည် ၁၉၃၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော စက်ရုံတစ်ရုံဖြစ်ကြောင်း၊ အဆိုပါစက်ရုံသည် ကမ္ဘာလုံးဆိုင်ရာ မီးရထား ဆက်စပ်ပစ္စည်းများ ပြုပြင်ခြင်းနှင့် အပိုပစ္စည်းများ ထုတ်လုပ်ခြင်းဆိုင်ရာ အကြီးစားလုပ်ငန်းကုမ္ပဏီတစ်ခု ဖြစ်သည့် Zheldorremmash ကုမ္ပဏီ၏ လက်အောက်ခံစက်ရုံတစ်ရုံ ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် မီးရထားစက်ခေါင်း ပြုပြင်ခြင်းလုပ်ငန်း၊ စက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အပိုပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းဟူ၍ သုံးပိုင်းခွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အဆိုပါစက်ရုံမှ ပြုပြင်မွမ်းမံရေးဆိုင်ရာ နည်းပညာအသစ်များအား အဆင့်မြှင့်တင်ခြင်း၊ မီးရထားစက်ခေါင်းများ၏ ပျမ်းမျှ မောင်းနှင်နိုင်မှုကို ပြုပြင်မွမ်းမံခြင်း၊ အာမခံဝန်ဆောင်မှုပေးခြင်းနှင့် မီးရထားစက်ခေါင်းများ သက်တမ်းတိုးခြင်းနှင့် မီးရထားစက်ခေါင်း အဆင့်မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရှိရသည်။



Buryatia ပြည်နယ်ရှိ Baikal ရေကန်ကို ဝေဟင်မှ တွေ့ရစဉ်။

**လက်ဆောင်ပစ္စည်းပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံအကြီးအကဲနှင့် တာဝန်ရှိသူများအား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံကို ကြည့်ရှုလေ့လာစဉ် Buryatia ပြည်နယ်မှ Arigus၊ ATV၊ Tivicom တို့အပါအဝင် ဒေသခံမီဒီယာများကလည်း လာရောက်သတင်းရယူခဲ့ကြသည်။

စက်ရုံအတွင်း လေ့လာမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Buryatia ပြည်နယ် ပြည်နယ် အကြီးအကဲတို့သည် အဆိုပါမီဒီယာမှ သိရှိလိုသည့် မြန်မာနိုင်ငံနှင့် Buryatia ပြည်နယ်အကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေး၊ ပညာရေး၊ စက်မှုနည်းပညာ၊ ခရီးသွားကဏ္ဍ စသည်တို့တွင် ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၄ အောက်ဆုံးညာဘက်တွင် ဖော်ပြပါရှိသော သတင်းဓာတ်ပုံ ပုံစာအား **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် Buryatia ပြည်နယ် ဒုတိယအကြီးအကဲတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်"** ဟုလည်းကောင်း၊ စာမျက်နှာ ၅ အောက်ဆုံးစာပိုဒ်၊ စာကြောင်းရေ ၄ တွင် **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ဇနီးနှင့် ပြည်နယ်ဒုတိယအကြီးအကဲတို့သည်လည်းကောင်း"** ဟုပြင်ဆင်ဖတ်ရှုပါရန်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့ Buryatia ပြည်နယ်မှ Arigus၊ ATV၊ Tivicom တို့ အပါအဝင် ဒေသခံမီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက်

**မေး ။ ။** မကြာမီနှစ်အတွင်းမှာ ရုရှား-မြန်မာ ပူးပေါင်းဆက်ဆံရေး လုပ်ငန်းတွေဟာ အများကြီးလုပ်ခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် ယဉ်ကျေးမှုအခန်းကဏ္ဍတွေရော၊ ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်ထားတာရှိပါတယ်။ ဒီအထဲမှာ Buryatia နဲ့ ပတ်သက်ပြီးတော့လည်း ပူးပေါင်းဆောင်ရွက်မှု လုပ်နေတာတွေရှိပါတယ်။ အနာဂတ်မှာ Buryatia နဲ့ပတ်သက်ပြီးတော့ Buryatia နဲ့ မြန်မာအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေ ဘယ်လို အပိုင်းတွေကို လုပ်ဖို့အတွက် ရည်ရွယ်ထားတာရှိပါသလဲ။

**ဗိုလ်ချုပ်မှူးကြီး ။ ။** အခု ဒီနေ့ကျွန်တော်လာကြည့်တဲ့ မီးရထားစက်ရုံလုပ်ငန်းအပါအဝင် စောစောပိုင်းက လေယာဉ်စက်ရုံလည်း ကျွန်တော်သွားကြည့်ခဲ့တယ်။ ဒါတွေကတော့ ကျွန်တော်တို့ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ဖို့အတွက် အလားအလာရှိတဲ့ နေရာတွေဖြစ်ပါတယ်။ ဒါပြီးလို့ရှိရင် Buryatia မှာလည်း ဒီပြည်နယ်က ဗုဒ္ဓဘာသာကိုးကွယ်တဲ့ ပြည်နယ်သူ ပြည်နယ်သားတွေရှိတယ်။ မြန်မာနိုင်ငံကလည်း ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့အခါကျတော့ ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေက အလားအလာတွေလည်းရှိတယ်။ နောက်ကျန်းမာရေးနဲ့ပတ်သက်တာတွေရှိတယ်။ နောက်ဝန်ကြီးချုပ် ကမ်းလှမ်းထားတဲ့ ပညာသင်ကြားရေးနဲ့ပတ်သက်တဲ့ ကမ်းလှမ်းချက်လည်းရှိတယ်။ ပညာရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတွေလည်း ကျွန်တော်တို့ ရှိပါလိမ့်မယ်။ နောက်စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေလည်း ဆွေးလည်းဆွေးနွေးပြီး ဆောင်ရွက်သွားဖို့ရှိပါလိမ့်မယ်။ နယ်ပယ်တော့အများကြီးရှိတယ်။ လုပ်စရာနယ်ပယ်တွေ အများကြီး ရှိတယ်ဆိုတဲ့အကြောင်း ကျွန်တော်ပြောချင်ပါတယ်။

**မေး ။ ။** အခုလက်ရှိ Buryatia ကို လာရောက်တဲ့အတွက် အဆွေတော် နိုင်ငံတော်ဝန်ကြီးချုပ်ကြီးအနေနဲ့ Buryatia နဲ့ ပတ်သက်ပြီးတော့ ဘယ်လိုမျိုးမြင်ပါသလဲ။ Buryatia ရဲ့ အလှအပတွေ၊ Buryatia ရဲ့ သန့်ရှင်းမှုတွေနဲ့ ပတ်သက်ပြီး ဘယ်လိုမျိုးမြင်ပါသလဲ။

**ဗိုလ်ချုပ်မှူးကြီး ။ ။** အင်မတန် စိတ်ချမ်းသာရပါတယ် လာရတာ။ သာယာလှပတဲ့ ဒေသတစ်ခုပေါ့။ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ရင်းနှီးတဲ့ ပတ်ဝန်းကျင်တစ်ခုကို ကျွန်တော်လာရတယ်လို့ ခံစားရပါတယ်။ ကျွန်တော် သုံးကြိမ်ရှိပြီ လာတာ။ ကိုယ့်ဒေသကို လာရသလို ကျွန်တော်ရင်းနှီးတဲ့စိတ်ရှိပါတယ်။ နောက်ထပ်လည်း လာနိုင်ဖို့ ကျွန်တော် ကြိုးစားဦးမယ်လို့ ပြောလိုပါတယ်။

**မေး ။ ။** Buryatia ပြည်နယ်အကြီးအကဲအနေနဲ့ ယခုကဲ့သို့ မြန်မာနိုင်ငံကနေ နိုင်ငံတော်ဝန်ကြီးချုပ် ချစ်ကြည်ရေးခရီးစဉ် လာရောက်မှုနဲ့ပတ်သက်ပြီး မည်သို့ခံစားရပါသလဲ။ ပြီးတော့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။

**Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ ။ ။** မြန်မာနိုင်ငံ ကနေ သုံးကြိမ် လာတယ်ဆိုတော့ ကျွန်တော်အရမ်းကို ဂုဏ်ယူဝမ်းမြောက်မှုဖြစ်ပါတယ်။ သုံးကြိမ်လာတယ်ဆိုတာက ကျွန်တော်တို့ပြည်နယ်ကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာကို ပြယုဂ်ဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်နယ်နဲ့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေလည်း အများကြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ ပြီးခဲ့တဲ့ မကြာမီနှစ်အတွင်းက ကျွန်တော်တို့ Rapid Bio ဆေးဝါးကုမ္ပဏီအနေနဲ့ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ ဆေးဝါးနည်းပညာနဲ့ပတ်သက်ပြီး ပစ္စည်းတင်သွင်းဖို့အတွက် Register တွေ လုပ်နေတာလည်းရှိပါတယ်။ ကျွန်တော်တို့ Ulan-Ude က ထုတ်ထားတဲ့၊ ရဟတ်ယာဉ် စက်ရုံကနေပြီးတော့ ထုတ်ထားတဲ့ ရဟတ်ယာဉ်တွေကလည်း မြန်မာနိုင်ငံမှာ အခုဆိုနှစ်အကြာကြီးအထိ အသုံးပြုနေတာတွေရှိပါတယ်။ လက်ရှိအချိန်မှာလည်း အသုံးပြုနေသလို အနာဂတ်မှာလည်း ရဟတ်ယာဉ်နဲ့ ပတ်သက်ပြီးတော့ ပို့ဆောင်ရေးနဲ့ ပတ်သက်ပြီးတော့လည်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေ အများကြီးလုပ်ဖို့အတွက် စီစဉ်ထားတာရှိပါတယ်။ ဒီနေ့မှာဆိုရင်လည်း TMH Holding ကုမ္ပဏီကနေပြီးတော့ သူတို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေကို သူတို့လုပ်ဆောင်တဲ့ပစ္စည်းတွေနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြသွားတာရှိပါတယ်။ လာမယ့် အနာဂတ်မှာလည်း မြန်မာနိုင်ငံနဲ့ ပူးပေါင်းပြီးတော့ ဒီနယ်ပယ်နဲ့ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့အတွက်လည်း ဆွေးနွေးဖို့အတွက် စီစဉ်ထားတာတွေလည်းရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီပညာရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ ပတ်သက်လို့ရှိရင်တော့ မြန်မာနိုင်ငံကနေပြီးတော့ ရုရှားဘာသာစကား ပညာသင်ကြားတဲ့ ဆရာတွေအနေနဲ့ ထပ်ဆင့်သင်တန်းတွေပေးဖို့၊ အဆင့်မြင့်သင်တန်းတွေပေးဖို့အတွက်ကို Buryatia မှာ သင်ပေးနိုင်သလို၊ ကျွန်တော်တို့ Buryatia မှာရှိတဲ့ တက္ကသိုလ်မှာလည်း မြန်မာဘာသာစကားကို သင်ကြားဖို့အတွက် မြန်မာဘာသာစကားဌာနဖွင့်ဖို့အထိလည်း ရည်ရွယ်ပြီးတော့ ဆောင်ရွက်နေတာရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မြန်မာနိုင်ငံကလာတဲ့ အထူးဧည့်သည်တော်တွေကို ရေကန်ကို လိုက်လံပြသပေးပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာကလည်း ကျွန်တော်ကိုယ်တိုင်ဦးဆောင်ပြီးတော့ မြန်မာနိုင်ငံကို Delegation သွားရောက်ခဲ့တာရှိပါတယ်။ သွားရောက်ခဲ့တဲ့အချိန်မှာလည်း မြန်မာနိုင်ငံကနေပြီးတော့ ကျွန်တော်တို့ကို လှိုက်လှဲစွာကြိုဆိုခဲ့တာတွေလည်းရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေပြောကြားလိုတာကတော့ မြန်မာနိုင်ငံက သာယာလှပတဲ့ အလှတရားတွေ၊ ယဉ်ကျေးမှုတွေကို ကျွန်တော်တင်မကဘဲနဲ့ Delegation အဖွဲ့ဝင်အားလုံးက ခံစားခဲ့ရတာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ နှစ်နိုင်ငံ အပြန်အလှန် ကျွန်တော်တို့ Tourism အခန်းကဏ္ဍကို မြှင့်တင်ဖို့အတွက်လည်း ကျွန်တော်တို့ လျာထားစီစဉ်ထားတာရှိပါတယ်။

**ဗိုလ်ချုပ်မှူးကြီး ။ ။** ခင်ဗျားတို့ မီဒီယာအဖွဲ့တွေလည်း မြန်မာနိုင်ငံမှာလာပြီး လေ့လာဖို့အတွက် ကျွန်တော်ဖိတ်ပါတယ်။ မြန်မာပြည်ရဲ့ အခြေအနေတွေအားလုံးကို ခင်ဗျားတို့ပြည်နယ်အကြီးအကဲကတော့ အကြမ်းဖျင်းရှင်းပြတာပေါ့။ ခင်ဗျားတို့လာတဲ့အခါကျရင် ဒီထက်ပိုပြီး ထိတွေ့မှုခံစားမှု ပိုပြီးကောင်းပါလိမ့်မယ်။ ကျွန်တော် မကြာခင်မှာ ခင်ဗျားတို့ မျက်နှာလေးတွေ မြန်မာနိုင်ငံမှာ တွေ့ရမယ်လို့ ယုံကြည်ပါတယ်။ ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့ ဒေသခံမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့ Buryatia ပြည်နယ်ရှိ မီးရထားစက်ရုံတွင် လှည့်လည်ကြည့်ရှုစဉ်။

# ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025)တက်ရောက်ခဲ့ပြီး နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ် သတင်းမီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်

**မေး။ ။** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာ ဘယ်လာရုစ်နိုင်ငံမှာ ကျင်းပတဲ့ ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF)ကို တက်ရောက်ခဲ့တယ်။ ဒီတက်ရောက်ခဲ့တဲ့ ဖိုရမ်ကနေပြီးတော့ ဘယ်လို အောင်မြင်မှုတွေ၊ ဘယ်လိုအကျိုးရလဒ်တွေ ရရှိခဲ့ပါသလဲခင်ဗျ။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

**ဖြေ။ ။** ပထမဦးဆုံး EAEU နဲ့ ပတ်သက်ပြီးတော့ ကျွန်တော် နည်းနည်းလေး ပြောပြချင်ပါတယ်။ EAEU ဆိုတာ ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ ဆိုပြီး ၂၀၁၅ ခုနှစ်မှာ စတင်ထူထောင်ခဲ့တာ ဖြစ်တယ်။ စတင်ထူထောင်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ နံပါတ်(၁)ကတော့ ပါဝင်တဲ့ အဖွဲ့ဝင်နိုင်ငံ အချင်းချင်း၊ မိတ်ဆွေနိုင်ငံတွေ၊ အဖွဲ့ဝင်နိုင်ငံတွေ အချင်းချင်းမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဖို့၊ နောက်တစ်ခုကတော့ လူနေမှုအဆင့်အတန်း မြင့်မားလာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နှစ်ခုနဲ့ စတင်ပြီးတော့ ထူထောင်ခဲ့တာဖြစ်တယ်။ မြန်မာနိုင်ငံကတော့ ၂၀၂၂ ခုနှစ်ကနေ စပြီးတော့ EAEU နဲ့ ဆက်သွယ်ခဲ့တယ်။ ၂၀၂၂ ခုနှစ်မှာ EAEU ရဲ့ EEC အဖွဲ့ပါ။ EEC ဆိုတာ ဥရောပ-အာရှ စီးပွားရေး အဖွဲ့ပါ။ အဲဒီအဖွဲ့က ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကို ရောက်ရှိခဲ့တယ်။ ရောက်ရှိခဲ့ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့တွေ့ပြီးတော့ ကဏ္ဍပေါင်းစုံမှာ မြှင့်တင်နိုင်ရေး၊ ကဏ္ဍပေါင်းစုံဆက်ဆံမှု မြှင့်တင်နိုင်ရေးကို ဆောင်ရွက်ခဲ့တယ်။ ၂၀၂၃ ခုနှစ်မှာ ပိုပြီးတော့ အရှိန်အဟုန်ကောင်းစွာ ဆောင်ရွက်နိုင်ခဲ့တယ်။ ၂၀၂၃ ခုနှစ်မှာဆိုရင် EAEU အဖွဲ့နဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ရေးအတွက်ကို ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအတွက် MoU နားလည်မှုစာချွန်လွှာ ချုပ်ဆိုနိုင်ခဲ့တယ်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှာပဲ စိန့်ပီတာစဘတ်မှာ ကျင်းပခဲ့တဲ့ (၂၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်မှာ ဒီစာချုပ်ကို ကျွန်တော်တို့ ချုပ်ဆိုနိုင်ခဲ့တာပါ။ ချုပ်ဆိုနိုင်ခဲ့ပြီးတော့ ၂၀၂၄ ခုနှစ်မှာ EAEU က ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကို လာခဲ့တယ်။ လာတဲ့အချိန်မှာ ဒီ MoU ကို ဆက်လက်ပြီးတော့ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် MoU ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခဲ့တယ်။ ပထမအကြိမ် အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့တယ်။ နောက်တစ်ကြိမ် အစည်းအဝေးကိုတော့ ရုရှားမှာ ကျွန်တော်တို့ ကျင်းပခဲ့တယ်။ EAEU ရဲ့ခုနက ပြောတဲ့မူလရည်ရွယ်ချက်ကို ပြောပြခဲ့ပြီး ဖြစ်တယ်။ EAEU အနေနဲ့က သူ့ရဲ့အခြေခံပဋိညာဉ်မှာ ဘာပါလဲဆိုတော့ နိုင်ငံအချင်းချင်း အချုပ်အခြာအာဏာတည်တံ့မှု၊ နယ်မြေခိုင်မြဲမှုကို အလေးထားဖို့ နံပါတ်(၂) အချက်ကတော့ နိုင်ငံတွေရဲ့ အမျိုးသားအကျိုးစီးပွားကို အလေးထားဖို့ ဆိုတာပါပါတယ်။ ဒါဟာ နိုင်ငံတိုင်းအတွက် လိုအပ်တဲ့ ကိစ္စတွေဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ကမ္ဘာမှာ ဖြစ်ပျက်နေတဲ့ အခြေအနေအရ စီးပွားရေးအရပဲဖြစ်ဖြစ်၊ နိုင်ငံရေးအရပဲဖြစ်ဖြစ်၊ ကျန်တဲ့ အရေးအရာတွေပဲဖြစ်ဖြစ် သူတို့လိုရင် လိုသလို ပုံဖော်နေတယ်။ မလိုရင်မလိုသလို ပုံဖော်နေတဲ့ဟာတွေ ပိတ်ဆို့နေတဲ့ ဟာတွေရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့က EAEU နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်မှုအင်အားကိုရရှိလာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ EAEU ရဲ့နှစ်စဉ်ကျင်းပနေကျဖြစ်တဲ့ ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF)၊ အခုဆိုရင် (၄)ကြိမ်မြောက် ဖြစ်ပါတယ်။ စတုတ္ထအကြိမ်မြောက်မှာလည်း တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့ပါတယ်။ မိန့်ခွန်းပြောကြားခဲ့တဲ့နေရာမှာလည်း ကျွန်တော်ပြောကြားခဲ့တဲ့ အချက်အလက်တွေအပြင် ကျယ်ကျယ်ပြန့်ပြန့် ပြောကြားခဲ့တာကို အားလုံးတွေ့နိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ EAEU ရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့အတွက် EAEU ရဲ့လေ့လာခွင့်ရရှိတဲ့နိုင်ငံ၊ လေ့လာသူနိုင်ငံဖြစ်ဖို့အတွက် ကျွန်တော်တို့ကြိုးစားဆောင်ရွက်နေပါတယ်။ ကြိုးစားဆောင်ရွက်မှုလည်း အောင်မြင်နိုင်လိမ့်မယ်လို့ မြင်ပါတယ်။ EAEU အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ရုရှားတို့အခြားအဖွဲ့ဝင်နိုင်ငံတွေ အနေနဲ့လည်း မြန်မာနိုင်ငံကို ကြိုဆိုလက်ခံတယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။

**မေး။ ။** ခရီးစဉ်အတွင်းမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့ကိုလည်း သွားရောက်ခဲ့တာ တွေ့ရပါတယ်။ ဒီခရီးစဉ်ကနေပြီးတော့ ဘယ်လိုအကျိုးအမြတ်တွေကို ရရှိခဲ့ပါသလဲခင်ဗျ။

**ဖြေ။ ။** Buryatia ပြည်နယ် အကြီးအကဲက ကျွန်တော်တို့ မြန်မာနိုင်ငံကိုလည်း လာခဲ့ဖူးပါတယ်။ သတင်းထောက်ကြီးတို့လည်း တွေ့မှာပဲ ဖြစ်ပါတယ်။ မာရဝိဇယဘုရားကြီး တန်ဆောင်တိုင်ပွဲတော်မှာ Buryatia ပြည်နယ် အထိမ်းအမှတ်အနေနဲ့ မီးပုံးပျံလွှတ်တင်ခဲ့တာရှိပါတယ်။ ထူးခြားတာက Buryatia ပြည်နယ်က ဗုဒ္ဓဘာသာကိုးကွယ်တဲ့ ပြည်နယ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီး၊ ဘာသာရေးနဲ့ ပတ်သက်ပြီး ဆက်ဆံမှု၊ ဆက်သွယ်မှုတွေ အများကြီးရှိခဲ့ပါတယ်။ ဒါ့အပြင် အဲဒီမှာရှိနေတဲ့ ဗုဒ္ဓဘာသာညီလာခံဖိုရမ်တစ်ခု လုပ်ဖို့လည်း ဆောင်ရွက်နေတာတွေရှိတယ်။ မြန်မာနိုင်ငံက ဆရာတော်ကြီးတွေလည်း သူတို့ဆီကို ကြွနေတာရှိတယ်။ နောက်တစ်ခုက ရဟတ်ယာဉ်နဲ့ ပတ်သက်ပြီး သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်တွေ၊ သူတို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ဆောင်ရွက်နေတာရှိတယ်။ ဒါ့အပြင် Ulan-Ude မြို့မှာ ရထားပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး စက်ရုံတွေရှိတယ်။ အဲဒီစက်ရုံတွေကိုလည်း ပူးပေါင်းဆောင်ရွက်ဖို့၊ ခရီးသွားမြှင့်တင်ဖို့ ကျွန်တော်တို့သွားရောက်လေ့လာခဲ့တယ်။ ဒီနေ့မှာဆို Ulan-Ude မြို့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ Buryatia ပြည်နယ်အကြီးအကဲတို့က ရထားစက်ရုံကိုလေ့လာပြီးတဲ့ နောက်ပိုင်းမှာ သူတို့မီဒီယာတွေကလည်း တော်တော်စိတ်ဝင်စားကြတယ်။ သူတို့ဆီက ပင်မမီဒီယာရုစ်ခုကလာပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်းမေးတယ်။ Buryatia ပြည်နယ်အကြီးအကဲကိုလည်း မေးတယ်။ သူတို့အနေနဲ့လည်း မြန်မာနိုင်ငံကို စိတ်ဝင်စားတဲ့ပြည်နယ်တစ်ခုဖြစ်ပါတယ်။ အဲဒီကနေ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

**မေး။ ။** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံနဲ့ ရုရှားနိုင်ငံသို့သွားရောက်ခဲ့တဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး ဗိုလ်ချုပ်အနေနဲ့ ဘာများဖြည့်စွက်ပြောကြားချင်ပါသလဲခင်ဗျ။

**ဖြေ။ ။** ကျွန်တော်တို့မြန်မာနိုင်ငံကကျင့်သုံးနေတဲ့ နိုင်ငံခြားရေးမူဝါဒက လွတ်လပ်တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာဆက်ဆံရေးမှာဆိုရင် နိုင်ငံအားလုံးကို မိတ်ဆွေအဖြစ် မိတ်ဝတ်မပျက် ဆက်ဆံမှာဖြစ်တယ်။ သို့သော် ကျွန်တော်တို့အနေနဲ့က နိုင်ငံအားလုံးနဲ့ ဆက်ဆံတဲ့နေရာမှာ ကိုယ့်ကိုပိုပြီး အကျိုးပြုမယ့်နိုင်ငံ၊ ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်ပြည်သူ လူထုရဲ့လူမှုအကျိုးစီးပွားအတွက် လက်တွေ့အကျိုးစီးပွားဖြစ်နိုင်တဲ့ နိုင်ငံတွေနဲ့ ဦးစားပေးပြီး ဆက်ဆံသွားရမှာ ဖြစ်ပါတယ်။ ဒီခရီးစဉ်မှာလည်း မြန်မာပြည်သူလူထု၊ မြန်မာနိုင်ငံ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်တဲ့ လမ်းစကောင်းတွေကို ရရှိခဲ့တယ်လို့ ကျွန်တော် မြင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# ဟသ်ာတမြို့နယ်၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့ ကြည့်ရှုအားပေး



ကရင်စုကျေးရွာတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စပါးမျိုးစေ့နှင့် မျိုးစေ့ချကိရိယာများအား တောင်သူများထံ ပေးအပ်စဉ်။

ပုသိမ် ဇွန် ၂၉

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ဟသ်ာတမြို့နယ်အတွင်း တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဟသ်ာတမြို့နယ် နိဗ္ဗာန်ကျေးရွာအုပ်စု ဦးဖိုးကျားစာကြည့်တိုက်သို့ ရောက်ရှိကာ စာကြည့်တိုက်အတွင်း စာပေလေ့လာဖတ်ရှုနေသည့် ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားပြီး စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတစ်ဝန်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် အမျိုးသားပညာဝန် ဆရာကြီးဦးဖိုးကျားနှင့် ဦးသန့်တို့ကဲ့သို့ အထင်ကရပုဂ္ဂိုလ်များအား ဂုဏ်ပြုဖွင့်လှစ်ထားသည့် စာကြည့်တိုက်များရှိရာ စာကြည့်တိုက်များတွင် လူငယ်များအား စာအုပ်စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများဖြင့် အနာဂတ်လူချွန်လူမွန်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ခိုင်မာသည့် စာကြည့်တိုက်ပေါင်း ၃၄၀ ကျော် ဖွင့်လှစ်ဆောင်ရွက်၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရန် ကူညီအားပေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် မှန်နန်းရာဇဝင်စာအုပ်များ၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်း၊ လူထုသိပ္ပံကျမ်းများနှင့် သုတ၊ ရသစာအုပ်များအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေ ကျပ် ၁၀ သိန်းအားလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က MRTV DTH စလောင်းသုံးစုံအားလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီအတွင်းရေးမှူး ဦးလှမြိုင်နှင့် စာကြည့်တိုက်မှူး ဒေါ်နွဲ့နွဲ့မူတို့က လက်ခံရယူသည်။

ထို့နောက် ဟသ်ာတမြို့နယ် နတ်မော်ကျေးရွာအုပ်စု ကရင်စုကျေးရွာ၌ ကျင်းပသည့် မျိုးစေ့ချကိရိယာ၊ မျိုးစေ့ထုတ်တောင်သူများသို့ မျိုးစပါး(R.S) မျိုးစေ့ပေးအပ်ပွဲနှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းခြင်းအခမ်းအနားကို တက်ရောက်ကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စပါးမျိုးစေ့နှင့် မျိုးစေ့ချကိရိယာများအားလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က MRTV DTH စလောင်းတစ်စုံအားလည်းကောင်း ကျေးရွာများအလိုက် ပေးအပ်ကြပြီး မိုးစပါးရာသီတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဟသ်ာတမြို့နယ် ကုန်ကြီးအုပ်စု တံခွန်တိုင်ကျေးရွာရှိ စိုက်ပျိုးရေးမျိုးစေ့ခြံတွင် မိဘမျိုးစပါးကို ပင်ကြား၊ တန်းကြား ၁၀ လက်မ အတန်းလိုက်စိုက်နည်းစနစ် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အင်းမရွာဦးကျောင်းတိုက်တွင် ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ဟသ်ာတခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသမှုအစီအစဉ်ဖြင့် အခမဲ့ကွင်းဆင်းဆေးကုသနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာအကျော်၊ အဂ္ဂမဟာ ဂန္ထဝါစကဘဒ္ဒန္တပဏ္ဍိတနှင့် ကျောင်းထိုင်ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဦးအာသဘတို့ထံ လှူဖွယ်ဝတ္ထုနှင့် MRTV DTH စလောင်းများအား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဟသ်ာတခရိုင် ဖောင်ဆိပ်ကျေးရွာ၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနက ကျင်းပသော ရေဘေးကာကွယ်ရေးသရုပ်ပြပွဲနှင့် မီးသတ်ဦးစီးဌာနက ကျင်းပသော ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားတို့ကို တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအစီအစဉ်အရ လွှင့်ထူရမည့် သတိပေးအချက်ပြအလံများအားလည်းကောင်း၊ MRTV DTH စလောင်းသုံးစုံနှင့် DVB T2 Set Top Box အလုံး ၂၀၀ အားလည်းကောင်း ပေးအပ်ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းများဖော်ဆောင်ရေး လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရေဘေးကာကွယ်ရေးသရုပ်ပြပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းအစီအစဉ်များကို ကြည့်ရှုအားပေးခဲ့ကြသည်။

သတင်းစဉ်



## ဒဂုံတက္ကသိုလ်၌ လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် ဇွန် ၂၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် ဒဂုံတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၂၇ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းနှင့် ဒဂုံမြို့သစ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဒေါက်တာရွှေပြည်စိုးတို့က အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်အရှေ့ပိုင်း ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်မိုးတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး ဒဂုံတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများက ကောင်းမွန်ပြည့်စုံသော ပတ်ဝန်းကျင်၊ ပလတ်စတစ် ထုတ်လုပ်သုံးစွဲစွန့်ပစ်မှုအကျိုးတရားများ၊ ရာသီဥတုပြောင်းလဲမှု၊ သမုဒ္ဒရာများမှ ရရှိနေသော အရင်းအမြစ်များ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

အေးမဥ္ဇူ

## သာပေါင်းမြို့နယ်၌ လျှပ်စစ်ဘေးအန္တရာယ် သတ္တုဒ်ကူဇာတ်တိုက်လေ့ကျင့် သရုပ်ပြ



သာပေါင်း ဇွန် ၂၉

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်း မြို့နယ်တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက “လျှပ်စစ်သတ္တုဒ်ကူ ဇာတ်တိုက်လေ့ကျင့်” သရုပ်ပြပွဲကို ဇွန် ၂၇ ရက်က အခြေခံပညာ အထက်တန်းကျောင်း(သာပေါင်း) ရှိ လင်းရတနာနှစ်ထပ်ကျောင်းဆောင်၌ ကျင်းပသည်။

**တက်ရောက်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန သာပေါင်းမြို့နယ် ဦးစီးမှူးရုံးက မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်ဘေးအန္တရာယ် သတ္တုဒ်ကူဇာတ်တိုက်လေ့ကျင့် သရုပ်ပြပွဲကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးကိုနှင့်မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုလှိုင်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အခြား မိတ်ဖက်အဖွဲ့များ တက်ရောက်ကြသည်။ ထို့နောက် လုပ်ငန်းစဉ်အဆင့်ဆင့် (၁၉)ချက်အတိုင်း လေ့ကျင့်ခန်းဆောင်ရွက်ကြပြီး မန္တလေးလျှပ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ပြည်သူများအား ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ကာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လျှပ်စစ်ဘေးအန္တရာယ် သတ္တုဒ်ကူ ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

သိန်းမြင့်မျိုးဦး(ပြန်/ဆက်)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဇွန် ၂၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် တိုက်အမှတ်(၂၃၈၆)၊ (၂၃၈၇)နှင့် ဉာဏသိဒ္ဓိရပ်ကွက် တိုက်အမှတ်(၃၃၆၈)၊ (၃၃၆၉)သို့ သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ စက်ယန္တရားများ တိုးမြှင့်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ခရေအိမ်ရာ တိုက်အမှတ်(၉၆) သို့သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေရှည်ခိုင်ခံ့မှုရှိအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းအမြန်ပြီးစီးအောင် လုပ်သားအင်အား တိုးမြှင့်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဥတ္တရသီရိမြို့နယ် မြတ်လေးလမ်းနှင့် မြစ်ကြီးနားလမ်းသို့သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မရေပိုက်လိုင်းနှင့် ရေပေးဝေရေးပိုက်လိုင်းများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ သောက်သုံးရေဖူလုံစွာ အမြန်ဆုံးပေးဝေနိုင်ရေး၊ ရေပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် အမြဲမပြတ်စစ်ဆေးဆောင်ရွက်ရေးတို့ကိုမှာကြားကာ ဥတ္တရသီရိ ရေလှောင်တမံသို့ သွားရောက်ပြီး ယာယီရေတားတမံနှင့် အရေးပေါ်ရေပို့လွှဲဆောင်ရွက်နေမှု၊ ရေထုတ်ပြွန်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ရာဇဌာနီလမ်းမကြီးနှင့် ရာဇသင်္ဂဟလမ်းမကြီးတို့သို့ သွားရောက်ပြီးလမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကိုလည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော်ကြီး၏ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များကို ပြန်လည်ပြုပြင်မွမ်းမံနေမှုအခြေအနေများ၊ Cement grouting: Soil stabilization: ဆောင်ရွက်နေမှုများ၊ မူလရင်ပြင်တော်ကြမ်းခင်းအား တူးထုတ်ပြင်ဆင်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများမှတင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရေရှည်ခိုင်ခံ့မှုရှိအောင် ဆောင်ရွက်ရေး၊ နည်းပညာပိုင်းဆိုင်ရာပြုပြင်မွမ်းမံရေးလုပ်ငန်းများ စနစ်တကျစီမံဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်နှင့် ဉာဏသိဒ္ဓိရပ်ကွက်သို့သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဥတ္တရသီရိရေလှောင်တမံသို့ သွားရောက်၍ ယာယီရေတားတမံဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ပြန်/ဆက်)

# ညောင်လေးပင်မြို့၌ အခြေခံပညာအထက်တန်းအဆင့်ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်



ညောင်လေးပင် ဇွန် ၂၉

မျိုးဆက်သစ်လူငယ်များ ကဗျာစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သဲတစ်ပွင့်ပရဟိတအသင်း၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း (ညောင်လေးပင်မြို့နယ်)မှ ကြီးမှူးကျင်းပသော အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသောကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၈ ရက်က ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) အလုပ်အမှုဆောင် ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က အဖွင့်အမှာစကားပြောကြားပြီး မြို့မိမြို့ဖအလှူရှင် ဦးစိုးဝင်း (ရွှေနန်းတော်ဝင်ရွှေဆိုင်)က ဂုဏ်ပြုစကားကိုလည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်း(မောင်စုမြင့်)က ကဗျာပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးဟိန်းထက်အောင်က ပြိုင်ပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ နေလင်း(ညောင်လေးပင်)



# ကျိုက်လတ်မြို့နယ်၌ ဘိုးဘွားများအား ထောက်ပံ့လှူဒါန်း

ကျိုက်လတ် ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပေတမော့ကျေးရွာအုပ်စုရှိ ဓမ္မဝိဟာရဘိုးဘွားရိပ်သာတွင် ဇွန် ၂၈ ရက် မွန်းလွဲပိုင်းက ဘိုးဘွားများအား ထောက်ပံ့လှူဒါန်းခြင်းများ ဆောင်ရွက်သည်။

ဦးစွာ ကျိုက်လတ်မြို့နယ် ဓမ္မဝိဟာရဘိုးဘွားရိပ်သာရှိ ကျောင်းထိုင်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ထောက်ပံ့လှူဒါန်းမှုများ ဆောင်ရွက်ခဲ့ရာ ဓမ္မဝိဟာရဘိုးဘွားရိပ်သာရှိ ကျောင်းထိုင်ဆရာတော်အား နဝကမ္မဝတ္ထုငွေကျပ် တစ်သိန်း၊ ရိပ်သာရှိ ဘိုးဘွား ၂၆ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် ဆန်နှင့် ဆီများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကာ ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လပွတ္တာမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



လပွတ္တာ ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက လပွတ္တာခရိုင် (၃)မိုင်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပသည်။

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းနှင့် အဖွဲ့များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိအိနွယ်နှင့်အဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်ဝင်းနိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက မန်ကျည်းရှားပင် ၃၀၀၊ ခရေပင် ၂၅၀၊ ကံ့ကော်ပင် ၅၀၊ စိန်ပန်းပင် ၅၀၊ မဟော်ဂနီပင် ၁၀၀၊ ကျွန်းပင် ၂၀၊ ရေတမာပင် ၅၀ နှင့် ငုရွှေဝါပင် ၅၀ စုစုပေါင်းပျိုးပင် ၅၇၀ ကို တပျော်တပါးစုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သာပေါင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



သာပေါင်း ဇွန် ၂၉

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၈ နာရီခွဲက ပျဉ်းမထုံးကျေးရွာစု၌ ကျင်းပသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းရောထိုက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်းဇော်နှင့် သစ်တောဝန်ထမ်းများ၊ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုလှိုင်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အခြေခံပညာမူလတန်း (သူဌေးစမ်း)မှ ကျောင်းသားကျောင်းသူများနှင့် ဒေသနေပြည်သူတို့က မန်ကျည်းရှား ၁၀၀၊ မဟော်ဂနီ ၁၀၀ စုစုပေါင်းပျိုးပင် ၂၀၀ တို့ကို ပျဉ်းမထုံးကျေးရွာအုပ်စု သူဌေးစမ်းကျေးရွာ၌ စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့် သံဃာတော်၊ သီလရှင်များအတွက် မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း မြန်မာပြည်ဖွားတရုတ်မျိုးနွယ်စုနှင့် စေတနာရှင်များစုပေါင်း၍ ငွေကျပ် သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဆန်၊ ဆီနှင့် ကုလားပဲများ လှူဒါန်း




မန္တလေး ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး မြို့နယ်ခုနစ်မြို့နယ်ရှိ ငလျင်ဘေးသင့် သံဃာတော်များနှင့် သီလရှင် စုစုပေါင်း အပါး ၁၁၁၀၀ အတွက် မန္တလေးယူနန် ဗုဒ္ဓဘာသာဘုရားကျောင်း၊ မြန်မာပြည်ဖွားတရုတ်မျိုးနွယ်စုနှင့် စေတနာရှင်များစုပေါင်း၍ ဆန်၊ ဆီ၊ ကုလားပဲများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် မာန်အောင်ရတနာစေတီတော် ဝါခင်းကုန်းဘုရားရှိ သိန်းသန်းရတနာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဇောတိကာရုံအုဋ္ဌကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါသဝသီရိ အမှူးပြုပြီး ပင့်သံဃာတော် ၅၅ ပါးနှင့် သီလရှင် ၁၀ ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E. Ms. Gao Ping၊ မန္တလေးယူနန် ဗုဒ္ဓဘာသာဘုရားကျောင်းဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဩဝါဒကထာ/ ဩဝ်ပရိသတ်များက မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တက်ရောက်လာသူများက မြို့နယ်ခုနစ်မြို့နယ်ရှိ ငလျင်ဘေးသင့် သံဃာတော်၊ သီလရှင်များအတွက် ဆန်၊ ဆီနှင့် ကုလားပဲလှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ပင့်သံဃာတော် ၅၅ ပါးအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ၊ သီလရှင် ၁၀ ပါးအား လှူဒါန်းငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး မာန်အောင်ရတနာစေတီတော် ဝါခင်းကုန်းဘုရား ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူရှင်များက အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဩဝ်ပရိသတ်များက မိုးကောင်းကျောင်းတိုက်ဆရာတော်ထံက အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မင်းတုန်းမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

မင်းတုန်း ဇွန် ၂၉

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့၌ မြို့နယ်လျှပ်စစ်မှူးနှင့် ဝန်ထမ်းများသည် ယနေ့နံနက် ၇ နာရီခွဲက ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရန် မြို့နယ်စည်ပင်သာယာရေးဈေးတွင် ပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ဓာတ်အားသုံးစွဲသူများ အစဉ်သတိပြုရမည့်အချက်များ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ အသုံးပြုရာတွင် လိုက်နာရမည့်အချက်များ၊ လျှပ်စစ်အန္တရာယ်ဖြစ်စေနိုင်သော အချက်များနှင့် မိမိအိမ်ရှိမီးခလုတ်၊ မီးပလတ်များ စစ်ဆေးရမည့်အကြောင်းအရာများပါဝင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တပ်ကုန်းမြို့နယ် တရော်ပင်အင်း(ကျီးအင်း)ကျေးရွာ "မျိုးဆက်သစ်" စာကြည့်တိုက်ဖွင့်လှစ်




တပ်ကုန်း ဇွန် ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် တရော်ပင်အင်း(ကျီးအင်း) ကျေးရွာ "မျိုးဆက်သစ်" စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ စာကြည့်တိုက်အဆောက်အအုံအတွက် မြေအလှူရှင်တို့အား စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ စာကြည့်တိုက်အား မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီက မတည်ငွေ သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၃၇ သိန်း၊ စာကြည့်တိုက် မြေအလှူရှင်၏ လှူဒါန်းမှုဖြင့် အုတ်ညှပ်၊ သွပ်မိုး၊ တစ်ထပ်အဆောက်အအုံ ဖြစ်ကြောင်း သိရသည်။

တင်စိုးလွင်

# ဥတ္တရသီရိမြို့နယ် ဂွေးချိုကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဂွေးချိုကျေးရွာ "ပညာအလင်းရောင်" စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဦးစွာ ဂွေးချိုကျေးရွာ "ပညာအလင်းရောင်" စာကြည့်တိုက် အဆောက်အအုံသစ်ကို ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စာကြည့်တိုက်မှူး ဦးတင်အေးအား စာကြည့်တိုက်ဆိုင်ရာအချက်အလက်များ ပေးအပ်ကာ စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မကျီးပင်ချောင်ကျေးရွာ အမကတွင် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းကို ဇွန် ၂၈ ရက် နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ်ဦးစီးမှူး ဦးထွန်းဆွေ ဦးဆောင်သော ဝန်ထမ်းအဖွဲ့က ကွင်းဆင်းဆောင်ရွက်စဉ်။ ကိုကျော်(သုံးခွ)

# တွံတေးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှုများကို ကွင်းဆင်းဆောင်ရွက်



တွံတေး ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးမှူး ဦးစံသိန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးလင်းတို့ ဦးဆောင်၍ တာဝန်ရှိသူများက တွံတေးမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသား ပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသောကြေညာချက် ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဇူလိုင်လ ၃ ရက်နေ့တွင်ကျရောက်မည့် "မြန်မာအမျိုးသမီးများနေ့" အကြိုဂုဏ်ပြုဆောင်းပါး

# အမျိုးသမီးဂုဏ်ရည်

တင်ထက်ထက်ဇော်

## မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံ

ဇူလိုင်လ ၃ ရက်နေ့သည် "မြန်မာအမျိုးသမီးများနေ့" ဖြစ်ပါသည်။ မြန်မာအမျိုးသမီးများဆိုသည်မှာ မြန်မာနိုင်ငံတွင်း မွေးဖွားလာကြသော မြန်မာတိုင်းရင်းသားလူမျိုးစု အမျိုးသမီးများအားလုံးကို ရည်ညွှန်းပါသည်။

"ကမ္ဘာ့အမျိုးသမီးညီလာခံများ"ကို အကြောင်းခံ၍ မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပါသည်။ အောက်ဖော်ပြပါ ရည်ရွယ်ချက်သုံးရပ်ဖြင့် "ကမ္ဘာ့အမျိုးသမီးညီလာခံများ"ကို ကျင်းပခဲ့ကြသည်။

- ကမ္ဘာ့နိုင်ငံများရှိအမျိုးသမီးများက နိုင်ငံတကာ အမျိုးသမီးလှုပ်ရှားမှုများ ပြုလုပ်ပြီး အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးများရရှိနိုင်ရန်၊
- တန်းတူရည်တူ ဆက်ဆံခွင့်ရရှိနိုင်ရန်၊
- အမျိုးသမီးများ၏ စွမ်းပကားနှင့် တောင်းဆိုလှုံ့ဆော်စည်းရုံးမှုများ ပြုလုပ်ရန်တို့ဖြစ်သည်။

ကမ္ဘာ့အမျိုးသမီးညီလာခံ ကျင်းပခဲ့ကြသည့် နိုင်ငံများမှာ (က) ၁၉၇၅ ခုနှစ် မက္ကဆီကိုနိုင်ငံ၊ (ခ) ၁၉၈၀ ပြည့်နှစ် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၊ (ဂ) ၁၉၈၅ ခုနှစ် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၊ (ဃ) ၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၊ (င) ၂၀၁၄ ခုနှစ် အင်္ဂလန်နိုင်ငံနှင့် (စ) ၂၀၁၅ ခုနှစ် ချီလီနိုင်ငံတို့ ဖြစ်ပါသည်။

မတ်လ ၈ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့" အဖြစ် သတ်မှတ်ပေးခဲ့ပြီး အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းများ၌ ပါဝင်သည့် "နိုင်ငံကြီးငယ်မရွေး၊ အခြေခံလူ့အခွင့်အရေးများနှင့် တန်းတူရည်တူအခွင့်အရေးရရှိရေးတို့ကို ဂရုပြုရန်" ဟူသောစာတမ်းဖြင့် ကမ္ဘာ့အမျိုးသမီးညီလာခံများကို အခါအားလျော်စွာ ကျင်းပခဲ့ကြသည်။

ထိုသို့ကျင်းပကြသည့် ညီလာခံများအနက် ၁၉၉၅ ခုနှစ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံက ပေကျင်းကြေညာစာတမ်း (Beijing Declaration) ပြဋ္ဌာန်းခဲ့သည်။ ထိုကြေညာစာတမ်းတွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံအသီးသီး၌ အမျိုးသားအဆင့် ယန္တရားဖွဲ့စည်းပြီး ဆောင်ရွက်သင့်သည့် ကဏ္ဍအပါအဝင် ကဏ္ဍကြီး (၁၂) ရပ်ပါဝင်ခဲ့ရာ မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်သည့်အနေဖြင့် ၁၉၉၆ ခုနှစ် ဇူလိုင်လ




၃ ရက်နေ့တွင် "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ – Myanmar National Committee on Women's Affairs (MNCWA)" ကို ဖွဲ့စည်းခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ ရက်နေ့ကို "မြန်မာအမျိုးသမီးများနေ့"ဟု ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းပြီးနောက် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်အထိ အဆင့်ဆင့် ဖွဲ့စည်းလှုပ်ရှားခဲ့ကြသည်။ ယခုဆိုလျှင် ၂၉ နှစ်ခရီးသို့ရောက်ရှိခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဖွဲ့စည်းရာတွင် ရည်ရွယ်ချက် (၇) ချက် ချမှတ်ထားပါသည်။ ယင်းတို့မှာ –

- အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊
- အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊
- အမျိုးသမီးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊
- တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊
- အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်၊
- အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်ဟူ၍ ဖြစ်သည်။

ထို့ကြောင့် နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့ကို "မြန်မာအမျိုးသမီးများနေ့" အဖြစ်သတ်မှတ်ကာ မြန်မာအမျိုးသမီးများ၏ဂုဏ်ရည်ကို မြှင့်တင်ပေးလျက်ရှိသည့်အပြင် အမျိုးသမီးများ၏အခွင့်အရေးများကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးနေပါသည်။ ထို့ပြင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲများ၊ သင်တန်းမျိုးစုံဖွင့်ပွဲများ စသည့်အထိမ်းအမှတ်လှုပ်ရှားမှုများကို အနယ်နယ်အရပ်ရပ်၌ ကျင်းပလေ့ရှိပါသည်။

အမျိုးသမီးများသည် အားနွဲ့သူများဖြစ်၍ အမျိုးသမီးများဘဝ ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများအား ပြုစုပျိုးထောင်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးမှအစ အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးအတွက်ပါ သက်ဆိုင်ရာအဖွဲ့အစည်းများက နိုင်ငံတော်အစိုးရနှင့်အတူ ယခင်ကထက်ပို၍ ထင်သာမြင်သာ ကာကွယ်စောင့်ရှောက်ပေးသည်ကို တွေ့မြင်လာရသည်။

ထို့ကြောင့် အမျိုးသမီးများဘက်ကလည်း အမျိုးသမီးဂုဏ်ရည်ကို အသိ၊ သတိတရားဖြင့် ထိန်းသိမ်းမြှင့်တင်ရပါမည်။ မြန်မာအမျိုးသမီးများအတွက် အရေးကြီးသည့်အချက်မှာ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ၊ ပျိုပျိုအိုအို အမျိုးသမီးတို့၏ ဂုဏ်ရည်များ မပျက်မယွင်း၊ မချို့တဲ့ရလေအောင် မိမိတို့၏ မိန်းမသားဘဝကို အစဉ်မြတ်နိုး တန်ဖိုးထားတတ်ရပါမည်။ တစ်ဦးတစ်ယောက်မှသည် အမျိုးသမီးထုတစ်ရပ်လုံး မြန်မာ့ဂုဏ်ဆောင်ခြင်းဖြင့် အနာဂတ်မြန်မာအမျိုးသမီးများဘဝ ပိုမိုတိုးတက်ကောင်းမွန်လာပါမည်။

## တန်ဖိုးရှိလှ မိန်းမသားဘဝ

တန်ဖိုးရှိသော မြန်မာအမျိုးသမီးတစ်ဦးဆိုသည်မှာ ဘာသာတရားအဆုံးအမဖြင့် ကြီးပြင်းလာသူ၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးသောအသိုင်းအဝိုင်းမှ ပေါက်ဖွားလာသူ၊ မိသားစုနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းက တန်ဖိုးထားခံရသူ၊ အမျိုးသမီးတစ်ဦး၏တန်ဖိုးကို သိနားလည်ပြီး မိမိကိုယ်ကို တန်ဖိုးထားတတ်သူဖြစ်ရပါမည်။ မိမိသည် မြန်မာလူမျိုးဖြစ်သည်။ မြန်မာတိုင်းရင်းသားဖြစ်သည်။ မြန်မာအသိုင်းအဝိုင်းတွင် မွေးဖွားလာသည်။ ထို့ကြောင့် ကိုယ့်မြန်မာလူမျိုးကို တန်ဖိုးထားတတ်ရပါမည်။

ပေါရာဏကျမ်း ဆရာများက နူးညံ့သိမ်မွေ့စွာ သွားလာခြင်း၊ စားသောက်ခြင်း၊ နေထိုင်ခြင်းဆိုသည့် အမူအရာတို့ကို မြင်တွေ့ရသည့်အတွက် မိန်းမောနိုင်သည်ဖြစ်၍ "မိန်း" ဟုခေါ်ဆိုပြီး လင်သား စသည့် အဆွေအမျိုးတို့ကို စောင်မကြည့်ရှုတတ်သည့်အတွက် "မ" ဟု ခေါ်ဆိုပါသည်။ ထိုမိန်းနှင့်မကို ပေါင်း၍ မိန်းမဟူ၍ ခေါ်ဆိုညွှန်ပြကောက်ယူခဲ့ပါသည်။

ရှေးပညာရှိ နီတိဆရာများက "ရဟန်းတို့သည် အကျင့်သီလနှင့် ပြည့်စုံရမည်၊ မင်းတို့သည် စစ်သည်အင်္ဂါနှင့် ပြည့်စုံရမည်၊ မိန်းမတို့သည် အဆင်းအင်္ဂါနှင့် ပြည့်စုံရမည်"ဟု ဖွင့်ဆိုခဲ့ပါသည်။ မိန်းမတစ်ဦးတွင် ခန္ဓာကိုယ်ရုပ်ရည်လှပမှုအဆင်းသာမက စိတ်နေစိတ်ထားလှပမှု အချင်းနှင့်ပါ ပြည့်စုံနေပါမှ ထူးချွန်ပြည့်ဝသော မိန်းမကောင်းမိန်းမမြတ်ဖြစ်ပါမည်။

စာမျက်နှာ ၁၂ သို့ ❖

❋ မြန်မာအမျိုးသမီးများအတွက် အရေးကြီးသည့်အချက်မှာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ၊ ပျိုပျိုအိုအို အမျိုးသမီးတို့၏ဂုဏ်ရည်များ မပျက်မယွင်း၊ မချို့တဲ့ရလေအောင် မိမိတို့၏ မိန်းမသားဘဝကို အစဉ်မြတ်နိုးတန်ဖိုးထားတတ်ရပါမည်

❋ တန်ဖိုးရှိသော မြန်မာအမျိုးသမီးတစ်ဦးဆိုသည်မှာ ဘာသာတရားအဆုံးအမဖြင့် ကြီးပြင်းလာသူ၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးသောအသိုင်းအဝိုင်းမှ ပေါက်ဖွားလာသူ၊ မိသားစုနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းက တန်ဖိုးထားခံရသူ၊ အမျိုးသမီးတစ်ဦး၏တန်ဖိုးကို သိနားလည်ပြီး မိမိကိုယ်ကို တန်ဖိုးထားတတ်သူဖြစ်ရပါမည်

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ၂၃၀ ကေဗွီ လှိုင်သာယာပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် ဥတိုနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်-ပုသိမ် လမ်းမကြီးနှင့် ရန်ကုန်-ညောင်တုန်း လမ်းမကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းနယ်နှင့် မလွတ်ကင်းသော လျှပ်စစ်ဓာတ်အားလိုင်းတိုင်များ ရွှေ့ပြောင်းတည်ဆောက်မည့် အခြေအနေ၊ ၂၃၀ ကေဗွီ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် ယနေ့နံနက်ပိုင်းတွင် ဥတိုနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် စိုက်ပျိုးမွေးမြူရေးပေါင်းစပ်စီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ်သို့ ရောက်ရှိပြီး ရန်ကုန်-ပုသိမ် လမ်းမကြီးနှင့် ရန်ကုန်-ညောင်တုန်း လမ်းမကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းနယ်နှင့် မလွတ်ကင်းသော လျှပ်စစ်ဓာတ်အားလိုင်းတိုင်များ ရွှေ့ပြောင်းတည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လမ်းတိုးချဲ့ဆောင်ရွက်ခြင်းကြောင့် မလွတ်ကင်းသော ၃၃ ကေဗွီ ဓာတ်အားလိုင်းများနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများကို အဝေးပြေးလမ်းမကြီးများနှင့် လွတ်ကင်းရာသို့ ပြောင်းရွှေ့တည်ဆောက်သွားမည့် အစီအမံများ၊ လက်ရှိဓာတ်အားလိုင်း ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးနှင့် ဓာတ်အားပြန်လည် ပို့လွှတ်နိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန ၂၃၀ ကေဗွီ လှိုင်သာယာပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားလက်ခံပို့လွှတ်ထားမှု အခြေအနေနှင့် Switch Yard အတွင်း ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဓာတ်အားထိန်းညှိဖြန့်ဖြူးပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေး၊ ဓာတ်အားခွဲရုံသုံး လျှပ်စစ်ပစ္စည်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို စနစ်တကျ ပုံမှန်စစ်ဆေးဆောင်ရွက်သွားရန်နှင့် ဓာတ်အားခွဲရုံ အတွင်း/အပြင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားရန် မှာကြားသည်။ ထို့နောက် ဓာတ်အားခွဲရုံအတွင်းရှိ ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းအိမ်ရာများ ပျက်စီးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသပ်ရပ်စွာ နေထိုင်သွားရန်၊ ပြုပြင်ဆောင်ရွက်ရန်လိုအပ်သည့် အဆောက်အအုံများကို မိုးမကျမီ ပြင်ဆင်သွားရန်နှင့် ဓာတ်အားခွဲရုံဝင်းအတွင်းရှိ ရေမြောင်းများအား ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တိုက်ကြီးမြို့နယ်ရှိ ဥတိုနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် စိုက်ပျိုးမွေးမြူရေး ပေါင်းစပ်စီမံကိန်း(မဂ္ဂါဝပ် ၃၀၀)၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည့်အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဥတိုနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် စိုက်ပျိုးမွေးမြူရေး ပေါင်းစပ်စီမံကိန်းနေရာသို့ ရောက်ရှိပြီး စီမံကိန်းဆောင်ရွက်ရန် လျာထားမြေနေရာများ၊ စက်မှုလယ်ယာ စိုက်ပျိုး/မွေးမြူရေး ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် ကုမ္ပဏီမှ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များ၊ စက်မှုလယ်ယာ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းမြေပေါ်တွင် ဝန်ကြီးဌာနမှ ဆိုလာစီမံကိန်းကို ဆောင်ရွက်မည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ကုမ္ပဏီမှ ဆောင်ရွက်နိုင်ရေးပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြေပြင်တွင် အသုံးပြု၍ရသည့်မြေနှင့် အသုံးပြု၍ မရသည့်မြေအား ခွဲခြား၍ အသေးစိတ် စူးစမ်းလေ့လာ တင်ပြသွားရန် လိုအပ်ကြောင်း၊ မြေနေရာအနေအထား ဖြစ်နိုင်ခြေပေါ် မူတည်ပြီး ဓာတ်အားထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကိုလက်ရှိဆောင်ရွက်နေသည့် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရန်လိုအပ်ကြောင်း တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ကန့်ဘလူမြို့နယ်၌ နွေစပါးစံကွက် ရိတ်သိမ်း

**ကန့်ဘလူ ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ဇွန် ၂၆ ရက်က ညောင်ပင်ကြီးကျေးရွာ တောင်သူ ဦးဟန်ဝင်းဘို၏ အောင်နိုင်တိုး စိုက်ခင်း၌ ကျင်းပသည်။

**တစ်ကေလျှင် စပါးအစိုတင်း ၁၃၀ ထွက်ရှိ**

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် စပါးစိုက်တောင်သူများ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းရာတွင် တစ်ကေလျှင် စပါးအစိုတင်း ၁၃၀ ထွက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်၌ ၂၀၂၄-၂၀၂၅ နွေစပါးစိုက်ပျိုးရာသီတွင် ရွှေသွယ်ရင်၊ ရွှေဆယ်ရင်၊ အောင်နိုင်တိုးနှင့် ရွှေဝါထွန်း စပါးမျိုးများကို စိုက်ပျိုးခဲ့ကြောင်းနှင့် OMC၊ ဆည်ရေသောက်၊ စက်ရေတင်၊ လျှပ်စစ်ရေတင်စနစ်တို့ဖြင့် ၂၂၆၅၄ ဧက စိုက်ပျိုးထားကြောင်းနှင့် အောင်နိုင်တိုးစပါးမျိုးကို ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ၁၀ ဧက စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်ပြီး အထွက်ကောင်း၊ ဈေးကွက်ကောင်းရရှိပါက မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးသွားနိုင်ရန် စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



---

❖ စာမျက်နှာ ၁၁ မှ

အမျိုးသမီးတိုင်းသည် မိန်းမကောင်း မိန်းမမြတ်တို့၏ အရည်အချင်း (၁၂) ရပ်နှင့်အညီ ကျင့်ကြံအားထုတ်နိုင်ရန် လိုအပ်ပါသည်။ ယင်းတို့မှာ -

- ရတနာသုံးပါးနှင့်မိဘ၊ဆရာသမားတို့အားရိုသေ၍ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏အကျိုး၊ အပြစ်ကို ယုံကြည်ပြီး သဒ္ဓါတရားရှိရန်လိုပါသည်။
- မကောင်းမှုဟူသမျှတို့ကို ပြောဆိုပြုလုပ်ရမည်ကို အရှက်တရားရှိပြီး ရှောင်ကြဉ်တတ်ရန်လိုပါသည်။
- မကောင်းမှုဟူသော ကိစ္စရပ်များကို ကြောက်တတ်ပြီး ဝေးဝေးက ရှောင်ရှားသင့်ပါသည်။
- ကိစ္စဟူသမျှတို့တွင် ဆတ်ဆတ်ထိမခံ အမျက်ဒေါသကြီးခြင်းမရှိဘဲ၊ စိတ်ရှည်ရှည်ထား၍ သည်းခံတတ်ရပါမည်။
- အသိပညာ၊ အတတ်ပညာတို့ကို ရင့်သန်မှုရှိအောင် ကြိုးစားရပါမည်။
- လူ့ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းသည့်အနေဖြင့် သူတစ်ပါး၏ သိက္ခာဂုဏ်ကျေးဇူးတို့ကို မဖျက်ဆီးသင့်ပေ။
- သူတစ်ပါးအား မနာလိုဝန်တိုခြင်းမပြုရ၊ ပြူစူစောင်းမြောင်းခြင်းလည်း မပြုရပါ။
- မိမိကဲ့သို့ လှလာမည်၊ မိမိကဲ့သို့ အခွင့်အလမ်းကောင်း ရလာမည်၊ မိမိကဲ့သို့ ချမ်းသာလာမည်ကိုမကြိုက်သော သဝန်တိုစိတ်ထားမျိုး မထားရ။
- ကိုယ်ကျင့်သီလကို ထိန်းသိမ်းစောင့်ရှောက်ရပါမည် (နေ့စဉ်ဘဝတွင် အနည်းဆုံး ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းရပါမည်)
- အကြားအမြင်ဗဟုသုတ အတွေ့အကြုံများရှိအောင် ဆည်းကပ်လေ့လာရပါမည်။ လောကစာပေများဖြစ်သည့် သုတစာပေ၊ ရသစာပေ၊ ဓမ္မစာပေတို့ကို ဖတ်ရှုလေ့လာ မှတ်သားပြီး ကျင့်ကြံကြိုးကုတ် အားထုတ်တတ်ရန်လိုပါသည်။
- မိမိကိုယ်တွင် အပျင်းထူသောစိတ်များ မမွေးရ။
- အရာရာတွင် သတိဝီရိယရှိနေရမည်ဖြစ်ပြီး မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေထိုင်ပြောဆိုခြင်းမပြုသင့်ပေ။

**မိမိကိုယ်ကိုယုံကြည်မှု**

မျက်မှောက်ကာလတွင် မြန်မာအမျိုးသမီးများသည် မောင်တစ်ထမ်းမယ်တစ်ရွက်နှင့် အိမ်ထောင့်တာဝန်ကိုသာမက အမျိုးသားများနှင့် ရင်ပေါင်တန်း၍ မိမိအကျိုး၊ အများအကျိုးတို့ကို သယ်ပိုးထမ်းဆောင်နေကြပါသည်။ ယှဉ်ပြိုင်မှုများ၊ စိန်ခေါ်မှုများနှင့် ပြည့်နှက်လာသော ခေတ်ကြီးတွင် "မိမိကိုယ်ကို ယုံကြည်မှုရှိရှိဖြင့် မိမိကိုယ်မိမိ ကောင်းစွာတည်ဆောက်နိုင်ရမည်" ဟူသော ယုံကြည်မှုရှိသင့်ပါသည်။

"မိန်းမတစ်ယောက်၏ မာနသည်၊ သူ၏ ဂုဏ်သိက္ခာဖြစ်၏ (Woman's Pride is her Dignity)" ဆိုသည့်ဆောင်ပုဒ်ကို လက်ကိုင်ထားရင်း မြန်မာအမျိုးသမီးတိုင်း တန်ဖိုးရှိရှိ ဂုဏ်တင့်စွာဖြင့် နေထိုင်တတ်ကြရပါမည်။ မိန်းမသည် ယဉ်ကျေးမှု၏ မိခင်ဖြစ်သလို မိန်းမကောင်း မိန်းမမြတ်၏ဂုဏ်ရည်သည်လည်း တိုင်းပြည်နှင့်လူမျိုးဂုဏ်ရည်ကို မြင့်မားစေနိုင်မည်ဖြစ်သည်။

တစ်ခေတ်တစ်ခါက နိုင်ငံကိုအကျိုးပြုခဲ့ကြသည့် မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များလည်း အမြောက်အမြားပေါ်ထွက်လာခဲ့ရာ အမျိုးသားရေး၊ ဘာသာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စာပေ၊ အနုပညာ စသည့်ကဏ္ဍအသီးသီးတွင် မြန်မာအမျိုးသမီးများ ပါဝင်ခဲ့သည်ကို တွေ့ရပါသည်။ စာပေပညာတွင်လည်း မမြလေး၊ လှိုင်ထိပ်ခေါင်တင်၊ ဓာတုကလျာ၊ မယ်ခွေ စသည့် မြန်မာအမျိုးသမီးများသည် သမိုင်းတွင်ထင်ရှားသော စာဆိုများဖြစ်ကြသလို ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများသည် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားစေရန် စွမ်းဆောင်နိုင်ခဲ့ကြသည်။

ထို့ပြင် သမိုင်းအဆက်ဆက် မြန်မာအမျိုးသမီးများသည် စွမ်းဆောင်ရည်မြင့်မားပြီး လွတ်လပ်ရေးရရှိရေး တိုက်ပွဲဝင်ရာတွင်လည်း အမျိုးသားများနှင့် တန်းတူပါဝင်ခဲ့ကြသည်။ သို့ပါ၍ မြန်မာအမျိုးသမီးတစ်ရပ်လုံး အမျိုးသမီးဂုဏ်ရည်နှင့် ညီညွတ်စွာ ကျင့်ကြံကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်းနှင့် ပြည်ချစ်စိတ်မွေးမြူကာ အမျိုးသမီးဂုဏ်ရည်ကို အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်းမြှင့်တင်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# အမေရိကန်၏တိုက်ခိုက်မှုကြောင့် အီရန်နျူကလီးယားစက်ရုံများ လုံးဝပျက်စီးခြင်းမရှိ၊ လပိုင်းအတွင်း ယူရေနီယံသန့်စင်မှုကို ပြန်လည်လုပ်ဆောင်နိုင်မည်ဖြစ်

တီဟီရန် ဇွန် ၂၉

အမေရိကန်၏တိုက်ခိုက်မှုကြောင့် အီရန်နျူကလီးယားစက်ရုံများ လုံးဝပျက်စီးခြင်းမရှိကြောင်းနှင့် လပိုင်းအတွင်း ယူရေနီယံသန့်စင်မှုကို ပြန်လည်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲက ပြောကြားသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ ညွှန်ကြားရေးမှူးချုပ် ရာဖာရယ်မာရီယာနိုဂရိုစီက စီဘီအက်စ်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏တိုက်ခိုက်မှုတွင် အီရန်၏နျူကလီးယားစက်ရုံများကို ချေမှုန်းပစ်နိုင်ကြောင်း ပြောကြားခဲ့သည်။ သို့သော် ပဏာမထောက်လှမ်းရေး အကဲဖြတ်မှုအရ အီရန်နျူကလီးယားအစီအစဉ်ကို လအနည်းငယ်သာ နောက်ဆုတ်ရဖွယ်ရှိကြောင်း အမေရိကန်မီဒီယာအများအပြားက သတင်းဖော်ပြသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီအနေဖြင့် အီရန်တွင် စစ်ရေးအကဲဖြတ်မှုတစ်စုံတစ်ရာ မပြုလုပ်ရသေးကြောင်းနှင့် ဆိုးရွားစွာပျက်စီးသွားသည်မှာ ရှင်းရှင်းလင်းလင်းရှိသော်လည်း ၎င်းမှာ လုံးဝပျက်စီးခြင်းမဟုတ်ဟု ညွှန်ကြားရေးမှူးချုပ် ရာဖာရယ်မာရီယာနိုဂရိုစီက ပြောကြားသည်။

ထို့ပြင် အီရန်တွင် စက်မှုနှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များရှိကြောင်း ၎င်းကထောက်ပြခဲ့ပြီး အီရန်နိုင်ငံအနေဖြင့် လအနည်းငယ်အတွင်း သန့်စင်သော ယူရေနီယံများကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



ဇွန် ၂၅ ရက်တွင် အီရန်ပါလီမန်က နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆိုင်းငံ့ထားရန် အစိုးရအား တောင်းဆိုမည့်အစီအစဉ်ကို ချမှတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ် ရွှန်ကျန်းခရိုင်တွင် ရေကြီးရေလျှံမှုဖြစ်ပွား




ပေကျင်း ဇွန် ၂၉

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ် ရွှန်ကျန်းခရိုင်တွင် ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိရာ သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း တာဝန်ရှိသူများက ဇွန် ၂၈ ရက်တွင် ပြောကြားသည်။

ဒူလူမြစ်ရေမြင့်တက်လာခြင်းကြောင့် ဒေသခံ ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှုထိန်းချုပ်ရေးဌာနချုပ်က ရေကြီးရေလျှံမှုဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေး သတိပေးချက်အဆင့်(၂)မှ အမြင့်ဆုံးဖြစ်သည့် အဆင့်(၁)သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ရွှန်ကျန်းခရိုင်တွင် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် အိမ်ထောင်စု ၁၁၉၈၂ စုနှင့် ဒေသခံ ၄၁၅၇၄ ဦးတို့အား ဘေးလွတ်ရာသို့ ပြန်လည်နေရာချထားပေးခဲ့ရသည်။

လက်ရှိအချိန်တွင် ရွှန်ကျန်းခရိုင်တွင် တပ်မတော်သားများက မြေတူးစက်နှင့် စက်ယန္တရားများကို အသုံးပြု၍ ဒေသအတွင်းပျက်စီးသွားသည့်လမ်းများ ပြင်ဆင်ရေး ဆောင်ရွက်နေသည်။

တာဝန်ရှိသူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များအကြား သဘာဝဘေးကျရောက်နေသည့် ဒေသများသို့ သွားရောက်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ကြန့်ကြာမှုမရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံ ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှုထိန်းချုပ်ရေးဌာနချုပ်က ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်– စိုးသူရ**

# အချက်အလက်ပေးပို့မှု ချို့ယွင်းမှုကြောင့် အီတလီနိုင်ငံရှိ လေကြောင်းခရီးစဉ် ၃၀၀ ကျော် ရပ်ဆိုင်းခဲ့ရ

ရောမ ဇွန် ၂၉

အီတလီနိုင်ငံ မီလန်မြို့ရှိ ဇရိယာထိန်းချုပ်ရေးစင်တာတွင် အချက်အလက် ပေးပို့မှု ချို့ယွင်းမှုကြောင့် အီတလီနိုင်ငံ အနောက်မြောက်ပိုင်းရှိ မြို့အများအပြားတွင် လေကြောင်းခရီးစဉ် ၃၀၀ ကျော်ကိုရပ်ဆိုင်းခဲ့ရကြောင်း ANSA သတင်းဌာနက ဖော်ပြခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၂၈ ရက် ဒေသစံတော်ချိန် ည ၉ နာရီခန့်က ဖြစ်ပွားခဲ့သည်။ မီလန်၊ ဘာဂါမို၊ ဂျီနိုအာနှင့် တူရင်မြို့များရှိ လေဆိပ်များအပါအဝင် အခြားသော လေဆိပ်များတွင် လေကြောင်းပျံသန်းမှု ရပ်ဆိုင်းခြင်း သို့မဟုတ် ပျံသန်းခြင်းများနှင့် ဆင်းသက်ခြင်းဆိုင်ရာ ကန့်သတ်ချက်များ ဖြစ်ပေါ်စေခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

မီလန်ရှိ ဇရိယာထိန်းချုပ်ရေးစင်တာသည်အီတလီလေကြောင်းသွားလာရေးဝန်ဆောင်မှု လက်အောက်ရှိ ဒေသဆိုင်ရာ ထိန်းချုပ်ရေးစင်တာ လေးခုအနက်မှ တစ်ခုဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေးပြည်သူများက ဂါဇာကမ်းမြောင်၌ အပစ်အခတ်ရပ်စဲရေးအတွက် ဆန္ဒထုတ်ဖော်

ဂျေရုဆလင် ဇွန် ၂၉

အစ္စရေးနှင့် အီရန်နှစ်နိုင်ငံ အပစ်အခတ်ရပ်စဲရေး စတင်ပြီးနောက် ယခုသီတင်းပတ်အတွင်း အစ္စရေးပြည်သူများက ဂါဇာကမ်းမြောင်၌ အပစ်အခတ်ရပ်စဲရေး တောင်းဆိုရန် လမ်းမများပေါ်တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဇွန် ၁၃ ရက်က စတင်ခဲ့သော နှစ်နိုင်ငံကြားပြင်းထန်သော ပဋိပက္ခအပြီးတွင် အစ္စရေးက အီရန်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့သည်။

သို့သော် အစ္စရေးတပ်ဖွဲ့များသည် ဂါဇာ၌ ဟားမတ်စ်ကို ချေမှုန်းရန် ရည်ရွယ်ချက်ဖြင့် ဆက်လက်တိုက်ခိုက်လျက်ရှိသည်။

အစ္စရေး၏အကြီးဆုံး စီးပွားရေးမြို့တော် တဲလ်အဗစ်တွင် ဇွန် ၂၈ ရက်က ထောင်ပေါင်းများစွာသော ပြည်သူများက ဂါဇာတွင် ဖမ်းဆီးထားသည့် ဓားစာခံ ၅၀ ကို လွှတ်ပေးရန်နှင့် ဟားမတ်စ်နှင့် အပစ်အခတ်ရပ်စဲရန် တောင်းဆိုခဲ့ကြသည်။

နယ်မြေအတွင်း စစ်ဆင်ရေးများသည် ဓားစာခံများ၏ အသက်ကို အန္တရာယ်ဖြစ်စေကြောင်းလည်း ၎င်းတို့က ပြောကြားသည်။ ဂါဇာစစ်ပွဲကို အဆုံးသတ်လိုကြောင်းနှင့် ဓားစာခံများ အမြန်ဆုံးလွတ်မြောက်စေလိုကြောင်း ဆန္ဒထုတ်ဖော်သူတစ်ဦးက ပြောသည်။

အစ္စရေးနှင့်ဟားမတ်စ် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုကို အီဂျစ် သို့မဟုတ် ကာတာနိုင်ငံ၌ လာမည့်ရက်အနည်းငယ်အတွင်း ကျင်းပမည်ဖြစ်ကြောင်း ဟားမတ်စ်သတင်းရင်းမြစ်များကို ကိုးကား၍ အာရပ်မီဒီယာတစ်ခုက ဖော်ပြသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဂါဇာကမ်းမြောင်ဒေသ၌ ၈၁ ဦး သေဆုံးခဲ့ကြောင်း ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက ဇွန် ၂၈ ရက်တွင် ပြောကြားသည်။ ပဋိပက္ခစတင်ချိန်မှစပြီး လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၅၆၄၁၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ဂါဇာနှင့် အီရန်နိုင်ငံသားများအား ထောက်ခံကြောင်း ယီမင်နိုင်ငံသားများဆန္ဒဖော်ထုတ်

ဆာနား ဇွန် ၂၉

ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့ထိန်းချုပ်ထားသည့် ပြည်နယ်များရှိ ယီမင်နိုင်ငံသားများသည် ဂါဇာနှင့် အီရန်နိုင်ငံသားများအား ထောက်ခံကြောင်း ဆန္ဒဖော်ထုတ်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။



အီရန်အားဂုဏ်ပြုကြောင်းနှင့် ဂါဇာဒေသတွင် အောင်ပွဲရသည်အထိ တိုက်ခိုက်မည်ဟူသည့် စာတန်းများကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဟူသီအဖွဲ့က ၎င်းကိုထောက်ခံသူများအား ဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင်ရန် ဖိတ်ခေါ်ခဲ့သည်။ ဆာနားမြို့လယ်ရှိ အယ်လ်ဆာဗင်းအဝိုင်းတွင် အမေရိကန်နှင့် အစ္စရေး ဆန့်ကျင်ရေးကြွေးကြော်၍ ဟူသီအဖွဲ့အား ထောက်ခံသူများက ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အမေရိကန်နှင့် အစ္စရေးအပေါ် အောင်မြင်မှုရရှိခဲ့၍ အီရန်အား ဂုဏ်ပြုကြောင်းနှင့် ဂါဇာဒေသရှိ ပါလက်စတိုင်းများ၏ ခုခံတိုက်ခိုက်မှုများကို ထောက်ခံကြောင်း ၎င်းတို့က ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# ဝေါမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ သိန်း သိမ်းဆည်းရမိ



တရားခံ ဟိန်းလတ်၊ နေလင်းထိုက် (ခ) မဲကြီးနှင့် ကောင်းစုညီ (ခ)စည်သူတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇွန် ၂၉

ဝေါမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၄ ရက် နံနက် ၅ နာရီတွင် ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် ရန်ကုန်မှထားဝယ်သို့ ဟိန်းလတ် မောင်းနှင်ပြီး နေလင်းထိုက် (ခ) မဲကြီးနှင့် ကောင်းစုညီ (ခ) စည်သူတို့ လိုက်ပါလာသော NISSAN ခြောက်ဘီးယာဉ်အား သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉သိန်း(တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံ) သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်မှတစ်ဆင့် ထားဝယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့သုံးဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ဇွန် ၂၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ ရွှေဘိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၂၀၂၅၁၄၄ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၀၂၀၂၅၁၄၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၁၁၂၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၁၁၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟသာ်ာရပ်ကွက် ရွာမလမ်း အမှတ် (၃) ရှိဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ်ရှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၃၁ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅ မှု (ခန့်မှန်းတန်ဖိုးငွေ၁၇၉၀၃၆၃၄၄ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် တရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**




မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူ လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၆-၂၀၂၅ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ မြန်မာ့သနပ်ခါး
- ၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘက် "ပျွန်မွေးမြူရေး"
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၂၅ ဘဝနှင့်အနုပညာ "စကားပြောတဲ့စကားလုံးများကို ပုံကိုင်သူအကယ်ဒမီငြိမ်းမင်း" (အပိုင်း-၃)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ကိုရီးယား) **'မုသားနောက်ကွယ်'** (အပိုင်း-၁၃)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ ၂၀၂၄ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ် "ခေတ်ပြိုင်ဆင်ယင်၊ ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများအလှ၊ ဝတ်စားဆင်ယင်မှုပြပွဲနှင့်ပဒေသာကပွဲ" (ပထမပိုင်း)
- ၁၆:၄၀ ချစ်စရာအရွယ်ကစားကြမယ်
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၂၅ This Week's Special Interest
- ၁၇:၄၀ အနာဂတ်လူငယ်အုတ်တစ်ချပ်၊သဲတစ်ပွင့်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဂင်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'တော်ဝင်စားဖွဲ့'** (အပိုင်း-၂၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဂင်
- ၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'လျှို့ဝှက်ကောင်းများခေတ်'** (အပိုင်း-၄၁)
- ၂၂:၂၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Suvanna Sama (Hnin Yee Thant)
- 07:10 Nga Laik Sakhanthar Elephant Camp
- 07:26 Bravocado Benefits
- 07:41 Listening Pleasure, Instrumental Music (Banjo) Ohnt Pone Chit
- 08:01 News
- 08:26 Asia Updates; Being Prepared for an Unexpected Volcanic Eruption
- 08:37 Myanmar Traditional Snacks:
- 08:41 Ecotourism: Along River Chindwin To Khamti
- 09:01 His Life and His Art:
- 09:36 Discovering Tribes:
- 10:01 News
- 10:26 Topical Topics: Let's Drink Genuine Coffee

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက (ကယား)
- ၀၆:၄၀ မြန်မာဇာတ်လမ်းတွဲ **'လက်ဆောင်'** (အပိုင်း-၂)
- ၀၇:၂၀ **'မြန်မာနိုင်ငံဂီတနေ့'** တေးဂီတဖျော်ဖြေပွဲ
- ၀၉:၀၅ ကာတွန်း **'ဖိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း'** (အပိုင်း-၂၀)
- ၀၉:၂၅ မြန်မာ့ရုပ်ရှင်(ပြုမည်း) **'ချစ်သူဝိုင်းဝိုင်းလည်'**

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
စိတ်ဝင်စားဖွယ်ရာဓလေ့ထူးခြားချက်များ (ကယားတိုင်းရင်းသားများရဲ့ကယားလိုဒိုးအိုရီး(ခေါ်)တေး)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
မိုးဦးကျအချိန် 'ဖား' ရှာချက်ကြမယ်

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဖွဲ့ကာပင်မြေမှ ဖွံ့ဖြိုးတိုးတက်မှုများ (အပိုင်း-၁)

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
တာရှန်းရိုးရာတောင်တက်ကပွဲ

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
လေးမြားပြုလုပ်ခြင်း

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ဘာသာစကား ပြောကြရအောင်(အသီးအခေါ်အဝေါ်)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်ငန်းဘဝများ (ထုဏ္ဍန်သိမ်ပုထိုးတော်ကြီးနှင့် ခေါက်ဆွဲကဘားကြော်)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း (အပိုင်း-၂)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
'ဝ' ရိုးရာတူရိယာအကြောင်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာများ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးရှားစုံလင်အာရှဗီဒီယိုအစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၄၅ Football Highlights

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ထိုင်းနိုင်ငံ'**
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကံဝမ်းဲ'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ဗီယက်နမ်နိုင်ငံ'** (အပိုင်း - ၂)
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'အာဖရိကနိုင်ငံ'**
- ၁၁:၀၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၇၅)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ဝါသီးနံသီးညှပ်စိုက်ပျိုးဝင်ငွေနှစ်ဆတိုး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Modern Agriculture Machines That Are At Another Level 3
- ၁၉:၁၀ A Day In the Life of A Cattle Farmer
- ၂၀:၀၀ **အနှိပ်ခံချစ်သူ** (ဇာတ်လမ်း)
- ၂၂:၀၀ Barbie (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၅၀ Weekly Sports Info
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ The Redeem Team

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော်  ဇွန်  ၂၉**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် လည်းကောင်း ယနေ့ညနေမှ ၅-၇-၂၀၂၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်း တာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**










# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖမ်းဆီးရမိ တရုတ်နိုင်ငံသား ၂၀၇ ဦးအား ပြည်နှင်လွှဲပြောင်းပေးအပ်

**နေပြည်တော်  ဇွန်  ၂၉**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။




ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀၇ ဦးတို့ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဇွန် ၂၄ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားမြို့ တာလော့ဂိတ်၌ မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများဖြင့် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင် လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော်  ဇွန်  ၂၉**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပါသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။

**မိုး/ဇလ**




နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော်  ဇွန်  ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Thin Zarnwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ် (၆) ရပ်ကွက်နေ သဥ္ဇာနွယ်အား မွန်းလွဲ ၁၂ နာရီခွဲတွင် မြင်းခြံမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှောင်လေဝေးဝေးမူးယစ်ဆေး

မေတ္တာမိုးနှင်း(ပဲခူး)



ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်ထားသည့် စိတ်ကြွဆေးပြားများ။

### ဆင်ခြင်နိုင်သည့် ဦးနှောက်စွမ်းရည်များ လျော့ပါးသွားစေသည့်ဆေးဝါး

မူးယစ်ဆေးဝါးဆိုသည်မှာ ဆေးဝါးတစ်မျိုးဖြစ်ပြီး လူသားတို့၏ ပုံမှန်အခြေအနေကိုသွေဖည်၍ အကျိုးအကြောင်း အကောင်းအဆိုးကို ဆင်ခြင်နိုင်သည့် ဦးနှောက်စွမ်းရည်များ လျော့ပါးသွားစေသည့် ဆေးဝါးဖြစ်သည်။ လူတစ်ယောက်သည် သာမန်အခြေအနေ၌ပင် စိတ်အမျိုးမျိုးအထွေထွေ ပြောင်းလဲမှုရှိတတ်သည့်သဘောရှိသည်။ ထိုစိတ်သဘောတို့ကို သတိအသိဖြင့် ထိန်းချုပ်၍ လူ့လောကကြီးတွင် ကျင်လည်နေကြသူများဖြစ်သည်။ လူသားတို့၏ ရောဂါနှင့်သင့်လျော်သော ဆေးဝါးများကို သုံးစွဲသည့်အခါ၌ပင် မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးတချို့ကို ခံစားကြရသည်။ မူးယစ်ဆေးဝါးဟူသည်ကား သာမန်ဆေးဝါးလည်း မဟုတ်၊ ဆရာဝန်၏ ညွှန်ကြားချက်ကြောင့်လည်း မဟုတ်ဘဲ လူသားတချို့၏ စိတ်ဆန္ဒများကြောင့် သုံးစွဲခြင်း၊ လိမ်လည်လှည့်ဖြားသူတို့၏ အသုံးချခံဆေးဝါးအဖြစ် သုံးစွဲခြင်းဖြစ်သောကြောင့် ဆိုးရွားသော အကျိုးရလဒ်များစွာကို ခံစားကြရပေမည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသုံးစွဲသူများသည် သာမန်လူသားများနှင့် မတူတော့ဘဲ အထိန်းအကွပ်မဲ့သော ပြောဆိုပြုမူခြင်းများကိုသာ ပြုလုပ်ကြတော့သည်။

ယနေ့ ကမ္ဘာတစ်ဝန်းလုံး၌ လူသားအရင်းအမြစ်များကို ပျောက်ကွယ်ပျက်စီးသွားအောင် ဖန်တီးနေသောအရာကား မူးယစ်ဆေးဝါးပင်ဖြစ်သည်။ နည်းပညာတိုးတက်မှုနှင့်အတူ လူသားတချို့၏ မတော်လောဘမှတစ်ဆင့် တခြားသော စားသောက်ဖွယ်ရာများ၊ သရေစာများတွင် လူသားတို့၏ စိတ်ခံစားမှုကို ဆွဲဆောင်နိုင်သော ဆေးဝါးများထည့်၍ ရောင်းဝယ်ဖောက်ကားမှုများ ပြုလာသောကြောင့်ပင်ဖြစ်သည်။ မူးယစ်ဆေးဝါးတွင် ထန်းရည်၊ အရက်မှစ၍ ဘိန်း၊ ဘင်း၊ ကစော်၊ မော်ဖင်း၊ ကိုကင်း၊ ဟီးရိုးအင်း (ခေါ်) ဘိန်းဖြူနှင့် မူးယစ်ဆေးပြားအမျိုးမျိုး စသည်တို့ပါဝင်သည်။

လူ့လောကကြီးတွင် အကောင်းအဆိုး၊ အနိမ့်အမြင့်ဟူသော လောကဓံတရားကို လူသားတိုင်းတွေ့ကြုံခံစားကြရသည်။ တချို့သောသူများသည် လောကဓံတရားကို အန်တုကျော်လွှားခြင်းမရှိဘဲ စိတ်ဖြေရာအဖြစ်လည်းကောင်း၊ အရာအားလုံးကို ခေတ္တမေ့လျော့ချင်သည်ဟူသော အကြောင်းပြချက်ဖြင့်လည်းကောင်း၊ ရဲဆေးတင်ခြင်းအဖြစ်လည်းကောင်း၊ လူငယ်များကမူ စူးစမ်းသည့်သဘောဖြင့်လည်းကောင်း အကြောင်းအမျိုးမျိုးပြကာ အရက်သေစာများကို မှီဝဲကြသည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက လူသားတို့ လိုက်နာကျင့်ကြံဖွယ်ရာ အကျင့်သီလများကို ဟောဖော်ညွှန်ပြရာ၌ "သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရာမဏိသိက္ခာပဒံ (အရက်သေစာသောက်စားမူးယစ်ခြင်း)မှ ရှောင်ရှားရန် ဟောကြားတော်မူခဲ့သည်။ အရက်သေစာသုံးစွဲလျှင် မိမိစိတ်ကို မိမိထိန်းချုပ်နိုင်စွမ်းမရှိတော့ဘဲ ရာဇဝတ်မှုကျူးလွန်သည်အထိ ဆိုးရွားသည့်ဒုက္ခကို ရင်ဆိုင်ကြရမည်ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ ဆုံးမစာ၌လည်း "သေနှင့်အရက်၊ စီးပွားဖျက်ကို၊ တစ်စက်ကယ်မျှ မသောက်ကြနှင့် ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့်အဆိပ်ရည်"ဟု အရက်သေစာများ၏ အဆိပ်ပြင်းပုံကို ဖော်ညွှန်းရေးစပ်ခဲ့ပေသည်။ ထို့ကြောင့်ပင် "ဝါးကိုဖျက်ဝါးမျက်၊ လူကိုဖျက် အရက်"ဟူသောစကားပုံကို ရှေးလူကြီးများက ဆိုစမှတ်ပြုခဲ့ကြခြင်း ဖြစ်ပေလိမ့်မည်။

### လူသားကမ္ဘာကြီးကို ခြိမ်းခြောက်လျက်ရှိ

ယခုခေတ်တွင် သေရည်သေရက်ထက် ဆိုးရွားသော မူးယစ်ဆေးဝါးများသည် လူထုအတွင်းသို့ စိမ့်ဝင်ပျံ့နှံ့ပြီး လူသားကမ္ဘာကြီးကို ခြိမ်းခြောက်လျက်ရှိနေပေသည်။ သိသာသောခြိမ်းခြောက်မှုများ ရှိသကဲ့သို့ မသိသာသောခြိမ်းခြောက်မှုများလည်း ရှိပေသည်။ မသိသာသောခြိမ်းခြောက်မှုများမှာ မိမိ၏အလုပ်ကိုအကြောင်းပြု၍ ပင်ပန်းမှုဒဏ်ခံနိုင်ရည်ရှိစေရန်အလို့ငှာ စိတ်ကြွဆေးပြားများ သုံးစွဲခြင်း၊ သူငယ်ချင်းများနှင့်ဝိုင်းဖွဲ့၍ ပျော်ပါးသောက်စားခြင်း၊ တချို့သော မူးယစ်ဆေးများကို ကာမလိမ်လည်ရန်အလို့ငှာ တိတ်တဆိတ်အသုံးပြုခြင်း၊ ဆေးလိပ်၊ ကွမ်းယာ စသည်တို့တွင်ထည့်၍ အသုံးပြုရောင်းဝယ်ခြင်းတို့ဖြစ်သည်။ သိသာသော ခြိမ်းခြောက်မှုများမှာ မူးယစ်ဆေးဝါးသုံးစွဲ၍ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခြင်း၊ လူကုန်ကူးခြင်း၊ ဒုစရိုက်လုပ်ငန်းများ ပြုလုပ်ခြင်း စသည်တို့ဖြစ်ကြသည်။

မူးယစ်ဆေးဝါးသုံးစွဲသူအများစုကို လေ့လာကြည့်သည့်အခါ အသက် ၁၆ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်များဖြစ်နေသည်ကို တွေ့ရှိရသည်။ လူငယ်များသည် အရာရာကိုစူးစမ်းလိုစိတ်၊ စွန့်စားလိုစိတ်ရှိကြသည်။ အဟောင်းအဟောင်းတို့ထက် အသစ်အဆန်းသောအပြုအမူတို့ကို နှစ်သက်ကြသည်။ ထိုသို့ စူးစမ်းလိုသောစိတ် လွန်ကဲသွားသည့်အခါ မူးယစ်ဆေး၏ ဆွဲဆောင်ရာနောက်သို့ လိုက်ပါနစ်မျောကြရသည်။ တချို့လူငယ်များက စွန့်စားလိုစိတ်ပြင်းပြသောကြောင့် လိမ်လည်လှည့်ဖြားသူတို့၏ လက်ထဲသို့ မူးယစ်သားကောင်အဖြစ် သက်ဆင်းကြွေလွင့်ကြရသည်။

လူငယ်များသည် နောင်အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်ကြသည်။ ခေတ်သစ်ကို ဦးဆောင်မည့်သူများလည်းဖြစ်သည်။ လူသားတို့၏ ကမ္ဘာကြီး ဖွံ့ဖြိုးတိုးတက်ရန်မှာ ကျန်းမာသန်စွမ်း၍ ဗလငါးတန်နှင့်ပြည့်ဝသော လူငယ်များ၏ စွမ်းဆောင်ရည်များစွာ လိုအပ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော လူငယ်များ၏ စွမ်းအားသည် အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် များစွာပါဝင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် မူးယစ်ဆေးဝါး အလွဲသုံးစားမှုမဖြစ်စေရန် ကျင့်ကြံနေထိုင်ရမည်ဖြစ်သကဲ့သို့ လူကြီးများကလည်း ဆုံးမသွန်သင်၍ လမ်းညွှန်မှုပေးကြရမည်ဖြစ်သည်။

ယနေ့ခေတ် နည်းပညာဖွံ့ဖြိုးမှုကို အလွဲသုံးစားပြု၍ သွေးဆောင်ဖြားယောင်းကာ မူးယစ်သားကောင်အဖြစ် ဖန်တီးကြပြီး လူကုန်ကူးမှုပြုကြသည်။ လူငယ်များကိုလည်း ကျား/မ မရွေး လိင်ကျွန်ပြုရန်အတွက် မူးယစ်သားကောင်အသွင် ဖန်တီးကြသည်။ တချို့ကမူ ငွေကြေးတစ်စုံတစ်ရာကို အလွယ်တကူရရှိနိုင်ရန်အတွက် လူတချို့ကို ပစ်မှတ်ထားကာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုပြုကြပြီး မူးယစ်သားကောင်ဖြစ်ရန် ဆွဲဆောင်ကြသည်။

### အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ကမ္ဘာ့မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းသုံးခုဖြစ်သော ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများဆိုင်ရာကွန်ဗင်းရှင်း၊ ၁၉၈၈ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သောဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပေသည်။

ပြည်သူများအနေဖြင့်လည်း မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ကြရပေမည်။ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းတို့ကို မိမိတို့ပတ်ဝန်းကျင်တွင် လုပ်ဆောင်နေကြောင်း သိရှိလျှင် သက်ဆိုင်ရာသို့ လျှို့ဝှက်သတင်းပေးကြရမည်ဖြစ်သည်။ အများကောင်းကျိုးအတွက် သတင်းပေးခြင်းမျိုးမှာ လူသားတစ်ယောက်၏ တာဝန်ကျေပွန်ခြင်း၊ နိုင်ငံ့သားကောင်းတာဝန် ကျေပွန်ခြင်းဖြစ်သည်။ အကယ်၍ မိမိနှင့်မဆိုင်ဟု သဘောထားကာ လျစ်လျူရှုနေမည်ဆိုပါက မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲခြင်းကို အားပေးခြင်းမျိုးပင် ဖြစ်ပေလိမ့်မည်။ မူးယစ်ဆေးဝါးသုံးစွဲမှု၏ နောက်ဆက်တွဲဆိုးကျိုးဖြစ်သည့် ရာဇဝတ်မှုများ ကျူးလွန်ခြင်း၊ ဆိုးခိုးနှိုက်သမားအဖြစ်မှသည် အကြမ်းဖက်လူသတ်သမားအဖြစ်သို့ ရောက်ရှိသွားပေလိမ့်မည်။

အချုပ်အားဖြင့်ဆိုရသော် ခေတ်မီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ၊ ဗလငါးတန်နှင့်ပြည့်ဝသော အနာဂတ်လူငယ်များ မဆုံးရှုံးစေရန်အတွက် နိုင်ငံသူ နိုင်ငံသားအားလုံးက မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

> "ပြည်သူများအနေဖြင့်လည်း မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ကြရပေမည်။ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းတို့ကို မိမိတို့ပတ်ဝန်းကျင်တွင် လုပ်ဆောင်နေကြောင်းသိရှိလျှင် သက်ဆိုင်ရာသို့ လျှို့ဝှက်သတင်းပေးကြရမည်ဖြစ်သည်။ အများကောင်းကျိုးအတွက် သတင်းပေးခြင်းမျိုးမှာ လူသားတစ်ယောက်၏ တာဝန်ကျေပွန်ခြင်း၊ နိုင်ငံ့သားကောင်းတာဝန် ကျေပွန်ခြင်းဖြစ်သည်။ အကယ်၍ မိမိနှင့်မဆိုင်ဟု သဘောထားကာ လျစ်လျူရှုနေမည်ဆိုပါက မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲခြင်းကို အားပေးခြင်းမျိုးပင်ဖြစ်"

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၉**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် နေရာများဖြစ်သည့် မျိုးရင်ရင် သီလရှင်စာသင်တိုက်နှင့် သာသနိကအဆောက်အအုံ အပျက်အစီးများနှင့် နေအိမ်အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန်ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာကို စက်ယန္တရားကြီးများဖြင့် အင်တိုက်အားတိုက် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် လေးကျွန်းမြေအုဋ္ဌကျောင်း ပရိယတ္တိစာသင်တိုက်ရှိ သာသနိကအဆောက်အအုံ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းပြီး ယာယီစာသင်ဆောင်များနှင့် ယာယီကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စု သပြေတန်းကျေးရွာရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းတံတား (အင်းဝ)၌ တံတားအပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ်(၄)နှင့်(၅)တို့ကို ကျွမ်းကျင်လုပ်သားများ၊ စက်ယန္တရားများနှင့် နည်းပညာအထောက်အကူပြု၍ စနစ်တကျစီမံခန့်ခွဲ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ သမိုင်းဝင်မဟာအောင်မြေ ရွှေကြက်ယက် ဆုတောင်းပြည့် မြတ်စွာဘုရားရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စေတီတော်ကြီးအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ လေးကျွန်းမြေအုဋ္ဌကျောင်းနှင့် လူနေအဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သမိုင်းဝင်မဟာအောင်မြေ ရွှေကြက်ယက် ဆုတောင်းပြည့်မြတ်စွာဘုရား ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

## မုဒုံမြို့၌ အမှိုက်များကိုအမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ရေးအသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ

**မုဒုံ ဇွန် ၂၉**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့ချနိုင်ရေးနှင့် အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် အမှိုက်များအား အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့ သရုပ်ပြသခြင်းကို ယနေ့နံနက် ၉ နာရီက ရွှေဟင်္သာဈေးကြီး၌ ပြုလုပ်သည်။



ဦးစွာ မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းက မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် ဈေးများတွင် အမှိုက်စွန့်ပစ်ပစ္စည်းများကို စနစ်တကျ မစွန့်ပစ်လျှင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေသည့် ပြဿနာများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ပလတ်စတစ်ပစ္စည်းများအား အသုံးပြုမှုပိုမိုများပြားလာပြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို စိန်ခေါ်နေခြင်းကြောင့် ပလတ်စတစ်ပစ္စည်းများကို ပြန်လည်အသုံးပြုကြရန်၊ ရုံး၊ ဌာန၊ စာသင်ကျောင်း၊ ဈေးများနှင့် အများပြည်သူသွား လမ်းသွားလမ်းလာနေရာများတွင် အမှိုက်များကို စနစ်တကျစွန့်ပစ်ကြရန်နှင့် ရပ်ကွက်/ကျေးရွာများရှိဒေသခံပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းနှင်းအေးက အမှိုက်အမျိုးအစားအလိုက် အရောင်ဖြင့် ခွဲခြားစွန့်ပစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ဈေးသူဈေးသားများနှင့်အတူ အဝါ၊ အစိမ်း၊ အနီ၊ အပြာ အမှိုက်ပုံး အရောင် အမှိုက်အမျိုးအစား လေးမျိုး စွန့်ပစ်ခြင်းကို လက်တွေ့သရုပ်ပြသ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**

## ရေတာင်းမြို့၌ အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေး

**ရေတာင်း ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့ စည်ပင်သာယာရေးအဖွဲ့မှ မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းရှေ့တွင် ယမန်နေ့နံနက်ပိုင်းက အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြခြင်းကို ဆောင်ရွက်ခဲ့ရာ မြို့အုပ်ချုပ်ရေးမှူး ဦးဝေယံဦးနှင့် အဖွဲ့ဝင်များ၊ မြို့စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမိုးကျော်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများတက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ငရုတ်ကောင်း(ပြန်/ဆက်)**



## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်ကအာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကထက်အပြင်းဖျားရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့လုံးဝ(လုံးဝ) ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်းပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊ (ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ဆက်သွယ်ရေးနည်းပညာကပုံဖော်သည့် ၂၁ ရာစု

◆ နီဇော်သစ်

ကြေးနန်းမှသည် အင်တာနက်အလွန်အထိ ဆက်သွယ်ရေးနည်းပညာသည် လူသားတို့၏သမိုင်းတစ်လျှောက် ပြောင်းလဲမှုအများဆုံးဖြစ်စေခဲ့သည့် အထွေထွေသုံးနည်းပညာများထဲမှ တစ်ခုဟုဆိုနိုင်သည်။ ပုံနှိပ်စက်နည်းပညာ၊ လျှပ်စစ်နည်းပညာ၊ ပေါက်ကွဲအားသုံး အင်ဂျင်နည်းပညာတို့ကဲ့သို့ပင် ဆက်သွယ်ရေးနည်းပညာသည် စက်မှုလုပ်ငန်းများကိုသာ တော်လှန်ပြောင်းလဲခဲ့သည်မဟုတ်၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးပါဝါများကိုလည်း ပြန်လည်ပုံဖော်သည်။ အထွေထွေသုံးနည်းပညာတစ်ရပ်တွင် ရှိရမည့် ဂုဏ်သတ္တိတစ်ခုဖြစ်သော နေရာတကာ ပျံ့နှံ့ခြင်း၊ နေရာတကာကို သက်ရောက်နိုင်ခြင်းတို့နှင့်လည်း အလွန်ပြည့်စုံသည်။ တစ်ဦးတစ်ယောက်ချင်းစီအလိုက်၊ နိုင်ငံတစ်နိုင်ငံချင်းစီအလိုက်၊ တစ်ကမ္ဘာလုံးအလိုက် ပါဝါပြန်လည်ဖြန့်ဝေမှု ကြီးမားခဲ့သည်။

အစောပိုင်းအဆင့်များတွင် ဆက်သွယ်ရေးနည်းပညာသည် ပါဝါကို ဗဟိုချက်သို့ ပို့ခဲ့သည်။ ကြေးနန်းနည်းပညာသည် အင်ပါယာများနှင့် အစိုးရများကို ပိုမိုကျယ်ပြန့်သော နယ်မြေများသို့ ယခင်ကထက်ပိုပြီး ထိထိရောက်ရောက် ထိန်းချုပ်နိုင်စေခဲ့သည်။ ဝေးကွာသောအရပ်များရှိ ကိုလိုနီနယ်မြေများကို အာဏာပိုမိုသက်ရောက်နိုင်စေခဲ့သည်။ အလားတူပင် အစောပိုင်း ရေဒီယိုနှင့် ရုပ်သံထုတ်လွှင့်မှုများသည် ဗဟိုမှ အဖွဲ့အစည်းများကို ဇာတ်လမ်းများအား ထိန်းချုပ်နိုင်စေခဲ့သည်။ ကြီးမားသောယဉ်ကျေးမှုတို့အပေါ် ဩဇာလွှမ်းမိုးစေနိုင်ခဲ့သည်။ ပါဝါသည် ဆက်သွယ်ရေးကို စည်းမျဉ်းစည်းကမ်းချမှတ်သော လက်တစ်ဆုပ်စာလူတစ်စုလက်ထဲတွင်သာ ရှိခဲ့သည်။

သို့သော် ဆက်သွယ်ရေးနည်းပညာသည် ဆင့်ကဲပြောင်းလဲတိုးတက်လာသည်။ အထူးသဖြင့် အင်တာနက်နှင့် မိုဘိုင်းနည်းပညာများ ပေါ်ထွက်လာချိန်တွင်ဖြစ်သည်။ ထိုအချိန်တွင် ပါဝါသည် ဗဟိုမှ စတင်ခွာထွက်လာသည်။ တစ်ဦးတစ်ယောက်ချင်းစီနှင့် အဖွဲ့ငယ်များသည် အင်စတီကျူးရှင်းကြီးများ၏ ကျောထောက်နောက်ခံကို မလိုအပ်တော့ဘဲ သတင်းအချက်အလက်တို့ကို ထုတ်လုပ်နိုင်စွမ်းနှင့် ဖြန့်ချိနိုင်စွမ်းရှိလာသည်။ ယူကျု၊ ဘလော့ဂ်များ၊ ပေ့ါဒ်ကတ်စ်များနှင့် လူမှုမီဒီယာများသည် အပြောင်းအလဲကို ဦးဆောင်သူများ၊ တက်ကြွလှုပ်ရှားသူများ၊ စွန့်ဦးတီထွင်သူများပါဝင်သည့် ဩဇာလွှမ်းမိုးနိုင်သော လူတန်းစားအသစ်တစ်ခု ပေါ်ထွက်လာစေသည်။



အစ္စရေး-အီရန် စစ်ပွဲအတွင်း မြင်တွေ့ခဲ့ရသည့် အေအိုင်နည်းပညာသုံး ဓာတ်ပုံအတုကို တွေ့ရစဉ်။

ဆက်သွယ်ရေးနည်းပညာသည် စီးပွားရေးအဖွဲ့အစည်းများ၏ သဘာဝကို အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပြောင်းလဲသွားစေသည်။ လုပ်ငန်းပြင်ပ အရင်းအမြစ်များကို တစ်ကမ္ဘာလုံးမှ ရယူလာနိုင်သည်။ အဝေးမှ အလုပ်လုပ်နိုင်သည်။ အရောင်းအဝယ်များကို ချက်ချင်းလုပ်နိုင်စေသည်။ အမေဇုန်၊ အလီဘာဘာ တို့ကဲ့သို့ ကုမ္ပဏီများသည် ဆက်သွယ်ရေး အခြေခံအဆောက်အအုံများပေါ်တွင် ထောက်ပံ့ပို့ဆောင်ရေးအင်ပါယာများ တည်ဆောက်ကြသည်။ တစ်ချိန်တည်းမှာပင် အွန်လိုင်းပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဖုန်းဆက်အကြံပေးမှု၊ အက်ပ်စီးပွားရေး အစရှိသည့် လုပ်ငန်းအသစ်များ ထွက်ပေါ်လာသည်။

ဆက်သွယ်ရေးနည်းပညာသည် ယဉ်ကျေးမှုပါဝါကိုလည်း အပြောင်းအလဲဖြစ်စေသည်။ တစ်ချိန်က အနောက်တိုင်းယဉ်ကျေးမှုနှင့် လူ့မလိုင်တို့၏အသံများ လွှမ်းမိုးခဲ့သော ကမ္ဘာ့ယဉ်ကျေးမှုသည် ဗဟုသဘောပိုဆန်လာသည်။ ကေပေ့ါ၊ နောလိဝုဒ် (နိုင်ဂျီးရီးယားရုပ်ရှင်လောက)၊ ယူကျုမှ ဖန်တီးမှုများသည် ဟောလိဝုဒ်နှင့် ထုံးတမ်းစဉ်လာ မီဒီယာများကို ရင်ပေါင်တန်းလာသည်။ သီးခြားယဉ်ကျေးမှုပုံစံလေးများသည်လည်း အွန်လိုင်းလူ့အဖွဲ့အစည်းများတွင် ထွန်းကားလာသည်။ ဒေသဆိုင်ရာစံနှုန်းများကို ဖောက်ထွက်သည့် တစ်ဦးတစ်ယောက်ချင်းစီ၏ ဖန်တီးမှုများလည်း အများရှေ့မှောက်သို့ ရောက်လာပြီး အားပေးခံရသည်။ ဗဟုသဘောဆောင်လာခြင်းသည် တစ်ချိန်က ယဉ်ကျေးမှုအာဏာပိုင်များ၏ ထိန်းချုပ်နိုင်စွမ်းတို့ကို လျော့ပါးသွားစေပြီး တစ်ဦးတစ်ယောက်ချင်းစီ၏ ဖန်တီးမှုများကို မြင့်တက်စေခဲ့သည်။

ထိုသို့ ယဉ်ကျေးမှုပိုင်းတွင် ဗဟိုထိန်းချုပ်မှု ပျောက်ကွယ်သလောက်နီးပါး ဖြစ်သွားခြင်းမှာ များသောအားဖြင့် အကောင်းဘက်မှ မြင်နိုင်သော်လည်း ဆန့်ကျင်ဘက်ရလဒ်အချို့လည်း ရှိလာသည်။ မတူကွဲပြားမှုများ ကြီးမားလာခြင်းသည် ယဉ်ကျေးမှုများ တိုးတိုက်မိခြင်းကို ပိုမိုကြီးမားလာစေသည်။ ပုံဖျက်သတင်းစစ်ပွဲများကို ဖြစ်လာစေသည်။ လက်ရှိဖြစ်ပွားနေသော အစ္စရေး-အီရန်စစ်ပွဲတွင် သတင်းပုံဖျက်မှုများစွာကို တွေ့လာရသည်။ ထို့ပြင် ထူးခြားသည်မှာ ယခင်လို နိုင်ငံအစိုးရများက လုပ်ခြင်းမဟုတ်ဘဲ ပြည်သူများကလုပ်နေခြင်းဖြစ်သည်။ အေအိုင်နည်းပညာ တိုးတက်လာသည်နှင့်အမျှ သာမန်ပြည်သူတစ်ယောက်သည်ပင်လျှင် သတင်းပုံဖျက်မှုကို လုပ်လာနိုင်သည်။ အစ္စရေး-အီရန်စစ်ပွဲသည် သာမန်ပြည်သူများက လုပ်ထားသော အေအိုင်နည်းပညာသုံးဓာတ်ပုံများ၊ ဗီဒီယိုများဖြင့် အပြန်အလှန်ဝါဒဖြန့်ခြင်းကို မြင်တွေ့ခဲ့ရသည့် ပထမဆုံး အတွေ့အကြုံလည်းဖြစ်သည်။ ဤနေရာတွင် သတင်းမှားစိစစ်ရေးနည်းပညာများလည်း တစ်ပါတည်း တိုးတက်လာသည်ကို တွေ့ရသည်။ သို့သော် အများစုမှာ ကိုယ်နှစ်သက်သည့် သဘောတရားနှင့် ကိုက်ညီလျှင် စစ်မနေတော့ဘဲ မျှဝေလိုက်ကြသည်ကိုလည်း တွေ့ရသည်။ ဤနည်းဖြင့် ဝါဒဖြန့်ချိရေးသည် လူများစုလက်ထဲသို့ ရောက်လာခဲ့သည်။

သို့ဖြင့် ဆက်သွယ်ရေးနည်းပညာသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုတို့ကို ကြီးကြီးမားမား ပါဝါပြန်လည်ဖြန့်ဝေခဲ့ကြောင်း တွေ့နိုင်သည်။ သူ့ချည်းလားဆိုတော့ အခြားအထွေထွေသုံးနည်းပညာများ ဖြစ်ကြသည့် ကွန်ပျူတာ၊ အင်တာနက်၊ အထွေထွေသုံးနည်းပညာဖြစ်ရန် တာစူနေသည့် အေအိုင်နည်းပညာတို့လည်း တွဲဖက်ပါဝင်နေသည်။ ထိုနည်းပညာများအကြောင်း ဆွေးနွေးသည့်အချိန်တွင်လည်း ဆက်သွယ်ရေးနည်းပညာကိုအခြေခံအုတ်မြစ်တစ်ခုအဖြစ် ထည့်သွင်းဆွေးနွေးရဦးမည်ဖြစ်သည်။ ယေဘုယျအားဖြင့် ဆိုရလျှင် ဆက်သွယ်ရေးနည်းပညာသည် ပျံ့နှံ့မှုအားကောင်းသည်၊ ပျံ့နှံ့သလောက် ထိရောက်မှုလည်း ရှိသည်၊ အချိန်နှင့်အမျှ တိုးတက်နေဆဲဖြစ်သည်၊ တီထွင်ဆန်းသစ်မှုများကို အားပေးသည်၊ လူအများကို စည်းလုံးစေသည်၊ စည်းလုံးသည့် လူအများကို အုပ်စုလိုက်ပဋိပက္ခဖြစ်စေသည်၊ တစ်ချိန်က အစိုးရတို့သာ လုပ်နိုင်သည့်အလုပ်များကို အများပြည်သူတို့ကပါ လိုက်လုပ်လာနိုင်သည်၊ တစ်ဖက်တွင်လည်း အစိုးရတို့၏ ထိန်းချုပ်နိုင်စွမ်းကို မြင့်တက်လာစေသည်။ ယင်းမှာ ဆက်သွယ်ရေးနည်းပညာက ဖန်တီးပေးထားသည့် ၂၁ ရာစု မြင်ကွင်းမဟုတ်ပါလား။

## လူနှစ်သိန်းကို နှစ် ၃၀ ကြာ လေ့လာပြီးနောက် နှလုံးကျန်းမာရေးသော့ချက်ကို တွေ့ရှိ

ဟားဗတ်တက္ကသိုလ် တီအိပ်ချ်ချန်း လူထုကျန်းမာရေးဆေးကျောင်းမှ ဆေးသုတေသီများသည် လူနှစ်သိန်းကို နှစ် ၃၀ ကြာ လေ့လာပြီးနောက် နှလုံးကျန်းမာရေးအတွက် သော့ချက်ကို တွေ့ရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ကောက်နှံများ၊ အသီးအနှံများ၊ အသီးအရွက်များ၊ အစေ့အဆန်များနှင့် ပဲများတွင် ပါဝင်သည့် အာဟာရတို့သည် နှလုံးကျန်းမာရေးအတွက် ကောင်းမွန်သော်လည်း ကြာရှည်ခံအောင် သို့မဟုတ် အသင့်စားနိုင်အောင် ပြင်ဆင်ထားသော ထိုအစားအစာများနှင့် တိရစ္ဆာန်အခြေပြုစားစရာများသည် အဆီနည်း၊ ကာဘိုဟိုက်ဒရိတ်နည်းသည့်တိုင် ဆန့်ကျင်ဘက်ရလဒ် ထွက်ပေါ်စေတတ်ကြောင်း လေ့လာမှုအသစ်က တွေ့ရှိခဲ့သည်။

ပြီးခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း ကာဘိုဟိုက်ဒရိတ် နည်းပါးသော၊ အဆီနည်းသော အစားအစာများကို ကျန်းမာရေးအကျိုးအမြတ်အတွက် စားသုံးကြရန် တိုက်တွန်းမှုများ အားကောင်းခဲ့သည်။ ထိုအစားအစာတို့သည် ကိုယ်အလေးချိန် ထိန်းသိမ်းရန်နှင့် သွေးတွင်းသကြား ကိုလက်စထရော ပါဝင်မှုများကို တိုးတက်ကောင်းမွန်စေသည်ဟု ယူဆခဲ့ကြသည်။ သို့သော် ထိုအစားအစာတို့၏ နှလုံးထိခိုက်မှုအန္တရာယ် နည်းခြင်းနှင့်ပတ်သက်သည့် ထိရောက်မှုမှာ ငြင်းခုံစရာဖြစ်ခဲ့သည်။

တီအိပ်ချ်ချန်း လူထုကျန်းမာရေးဆေးကျောင်းမှ သုတေသီတစ်ဦးဖြစ်သည့် ဝူချီယွမ်က "ကာဘိုဟိုက်ဒရိတ်နည်းတဲ့၊ ဒါမှမဟုတ် အဆီနည်းတဲ့အစားအစာတွေကို စားတာဟာ အကျိုးသက်ရောက်မှုကောင်းတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါပေမဲ့ ဒီအစားအစာတွေရဲ့ ကျန်းမာရေးနဲ့ပိုကိုက်ညီတဲ့ အပင်အခြေပြုအစားအစာတွေ၊ ကောက်ပဲသီးနှံတွေဟာ နှလုံးကျန်းမာရေးရလဒ်ကို ပိုကောင်းစေပါတယ်။ ဇီဝလုပ်ငန်းစဉ်တွေကို ပိုကောင်းလာစေပါတယ်။ ယှဉ်ကြည့်ရင် ကာဘိုဟိုက်ဒရိတ်နည်း၊ အဆီနည်းပေမယ့် ကျန်းမာရေးနဲ့ မကိုက်ညီတဲ့ အစားအစာတွေဟာ နှလုံးကျန်းမာရေးကို ပိုထိခိုက်စေနိုင်ပါတယ်"ဟု ရှင်းပြသည်။

ယခု တွေ့ရှိမှုအသစ်မှာ ၁၉၈၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ အမျိုးသား ၄၃၀၀၀ ကျော်ကို လေ့လာမှု၊ ၁၉၈၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အမျိုးသမီး ၆၄၀၀၀ ကျော်ကို လေ့လာမှု၊ ၁၉၉၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အမျိုးသမီး ၉၂၀၀၀ ကျော်ကို လေ့လာမှုတို့အား ဆက်လက်လေ့လာခဲ့ခြင်းဖြစ်သည်။ အဆိုပါ လူနှစ်သိန်းဝန်းကျင်၏ ကျန်းမာရေးအခြေအနေကို ဆက်လက်စောင့်ကြည့်ပြီး နှလုံးကျန်းမာရေးအခြေအနေကို လေ့လာခဲ့ကြခြင်းဖြစ်သည်။



သုတေသီတို့က ကောက်နှံ၊ အသီးအနှံ၊ အသီးအရွက်၊ အစေ့အဆန်၊ ပဲအမျိုးမျိုးတို့ထံမှ ကာဘိုဟိုက်ဒရိတ်များ၊ အဆီများနှင့် အသားဓာတ်များကို သီးခြားခွဲထုတ်လေ့လာခဲ့ပြီး ကျန်းမာရေးအတွက် ပိုကောင်းသောအာဟာရများဖြစ်သည်ဟု ကောက်ချက်ချခဲ့ကြခြင်းဖြစ်သည်။ ပြုပြင်စီရင်ထားသော ကောက်နှံများ၊ အာလူးနှင့် တိရစ္ဆာန်များမှရသော အစားအစာများသည် အရည်အသွေးနိမ့်ပါးပြီး ကျန်းမာရေးအတွက်မကောင်းဟု ကောက်ချက်ချခဲ့ကြသည်။ **Ref: scitechdaily**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 10

### Unit 1 LANGUAGE

(ယခင်တစ်ပတ်မှအဆက်)

**IV.(A) Write the appropriate words or phrases to complete the lines of verse.**

1. Beside the lake, _______________,
   Fluttering and dancing in the breeze.
2. ________________ at a glance,
   Tossing their heads in sprightly dance.
3. ____________________
   And twinkle on the Milky Way,
4. I _____________________
   That floats on high o'er vales and hills,
5. ______________________
   A host of golden daffodils;

**(B) Answer the questions in complete sentence.**

1. What are the four language skills?
2. When does the listening skill develop in a child?
3. What is the difference between receptive and productive skills?
4. At what age does the speaking skill typically develop?
5. How does language reflect and preserve culture?
6. What are receptive skills? Why are they called so?

**V.(1) Read the passage.**

The question, "What is language?" can have several different answers, and all of them may be acceptable. For our present purpose, however, let us look at language as: skill, tool, form, and function.

First, language is a set of skills: listening, speaking, reading, and writing. They are often known as the four language skills. Of these four skills, the listening skill is the first to develop. It develops during the first eighteen months of babyhood. The speaking skill develops at about the age of one and a half of years or so. By about four or five years of age, the child is able to use his or her mother tongue quite efficiently. It is only when the child goes to school that he or she learns to read and write.

Here, we should note that listening and speaking work together as a pair of skills, while reading and writing work together as another pair. We should note further that when we are listening or reading, we are not producing language; we are receiving language. That is why these two skills are often known as receptive skills. When we are speaking or writing, however, we are producing language. Thus, speaking and writing are often known as productive skills.

**(A) Write the correct word or words to complete each sentence.**

(1) The definition of language can have --------.
(2) A -------- is the first definition of language.
(3) There are -------- in language.
(4) The -------- develops during the first eighteen months of babyhood.
(5) Receptive skills are --------.

**(B) Answer each question in one sentence.**

(6) How do we look at language?
(7) At what age does the speaking skill develop?
(8) What can a child do by about four or five years of age?
(9) Why does a child at five years of age go to school?
(10) When are we not producing language?

**(2) Read the passage.**

Second, language is a tool for communication. This means that we use language to speak to someone, or to write to someone. To speak, we use vocal symbols; to write, we use written symbols. What is interesting here is that when we speak, we use gestures such as the movement of our arms, hands, heads, and also facial expressions to help the listener understand us better. When we write, however, we use graphics such as pictures, photographs, charts, tables, etc. to help the reader understand us better. Thus, we may say that speaking and gestures go hand in hand, just as writing and graphics do.

Third, communication may be in one of two forms: verbal communication, and non-verbal communication. In verbal communication, we use words and sentences. They may be spoken or written. In non-verbal communication, on the other hand, we use gestures and graphics.

**(A) Write the correct word or words to complete each sentence.**

(1) -------- are used to speak to someone.
(2) We use written symbols -------- to someone.
(3) The movement of arms, hands, heads,and facial expression are called --------.
(4) We may say that writing and -------- go hand in hand.
(5) Words and sentences can -------- in verbal communication.

**(B) Answer each question in one sentence.**

(6) What is language secondly defined as ?
(7) When do we use gestures?
(8) What are graphics given in the passage?
(9) What can help the listener understand us better when we speak?
(10) What do we use in non - verbal communication?

## Grade 11

### Unit 1 THE AYEYARWADY DOLPHINS

(ယခင်တစ်ပတ်မှအဆက်)

**IV.(A) Write the appropriate words or phrases to complete the lines of verse.**

1. A railroad bridge
   Where ________________;
2. An ________________
   That spans a waterfall;
3. I like a bridge ---
   ___________ at all.
4. A __________ bridge,
   Whether big or small;
5. A hewn-stone bridge
   ______________ floor and wall;

**(B) Answer the questions in complete sentence.**

1. What does a dolphin look like?
2. Why is the Ayeyarwady dolphin named after the Ayeyarwady River?
3. Where can Ayeyarwady dolphins be found?
4. How are dolphins described in the text?
5. What does "critically endangered species" mean in the text?
6. Why does the Ayeyarwady dolphin population decline year by year?
7. How does the Department of Fisheries protect the Ayeyarwady dolphins?

**V.(1) Read the passage.**

The dolphin is a kind of sea animal that looks like a large fish with a long-pointed snout. Dolphins are both intelligent and friendly towards humans. There are several types of dolphins.

Among them, the Ayeyarwady dolphin is a popular kind in Southeast Asia. Dolphins of this type are usually found in **coastal** areas in South and Southeast Asia and in freshwater rivers in Myanmar, Indonesia, and Laos. This species is called the Ayeyarwady dolphin as it was first found in the Ayeyarwady River in Myanmar. Its scientific name is *Orcaella brevirostris and it is one of the endangered species among the freshwater dolphins in the world.

1. <u>Description</u>

The Ayeyarwady dolphin is quite different from other well-known dolphins. Its colour may be dark blue or dark or pale gray. It has a rounded head and a very bulging forehead. Unlike other dolphins, it has no beak, or **snout**. The dorsal fin is short, blunt and triangular. The floppers are long and broad. The average length is 2.3 metres and the weight can range from 90 kg to 200 kg.

**(A) Write the correct word or words to complete each sentence.**

(1) A dolphin -------- is a kind of sea animal has a long pointed snout.
(2) The nature of dolphin includes -------- towards humans.
(3) The Ayeyarwady dolphin has gained Southeast Asiawide --------.
(4) The -------- scientific name is Orcella brevirostris.
(5) The Ayeyarwady dolphin -------- have beak or snout.

**(B) Answer each question in one sentence.**

(6) Why is it said that the dolphin is a kind of sea animal?
(7) Where can we see the Ayeyarwady dolphin?
(8) How are the Ayeyarwady dolphins regarded?
(9) What can distinguish the Ayeyarwady dolphin from other well - known dolphins?
(10) What is the average length of the Ayeyarwasy dolphin and how can its weight range?

**(2) Read the passage.**

They feed on bony fish, fish eggs, and crustaceans which are crabs, lobsters and shrimps. They also eat octopuses and squids. They take food into the mouth by suction, that is, by sucking in it.

Ayeyarwady dolphins like to stay in tropical and subtropical waters and near shallow coastal waters. In other words, they live near coasts and river mouths. They are also found in freshwater rivers: the Ayeyarwady in Myanmar, the Mahakam in Indonesia and the Mekong in Laos. They are mostly seen about 1.6 kilometres away from the shore and they do not usually live in deep waters. In Myanmar, they **inhabit** the Ayeyarwady River between Mandalay and Bamaw.

**(A) Write the correct word or words to complete each sentence.**

(1) Bony fish and crustaceans are the -------- of the Ayeyarwady dolphins.
(2) -------- have hard shells.
(3) The Ayeyarwady dolphin -------- the food into the mouth.
(4) Near shallow coastal waters means near --------.
(5) The Ayeyarwady dolphins do not like -------- in deep waters.

**(B) Answer each question in one sentence.**

(6) What are crabs, lobsters and shrimps called?
(7) What do the Ayeyarwady dolphins feed on?
(8) Where do the Ayeyarwady dolphins usually stay?
(9) How far can the Ayeyarwady dolphins be seen from the shore?
(10) Why do we find the Ayeyarwady dolphins about 1.6 kilometres away from the shore?

************

စာမျက်နှာ ၂၁ သို့ ☆

✰ စာမျက်နှာ ၂၀ မှ

Grade 12

ယခင်တစ်ပတ်က ဖော်ပြပါရှိခဲ့သော မေးခွန်းများ၏ အဖြေများ

Answers

Unit 1 GOOD MANNERS

I. 1. Belching 2. charitable 3. responsibility 4. Politeness 5. behaviour 6. respectfully 7. celebrity 8. Punctuality 9. teenagers 10. domain

II. 1. (A) wearing 2. (B) should 3. (B) responsibility 4. (C) charities 5. (B) traditional 6. (B) punctual 7. (A) cultures 8. (C) conscientiously 9. (A) vital 10. (C) honest 11. (A) information 12. (C) politeness 13. (A) deeply

III. 1. The headmistress asked me how often I would make that mistake she didn't like. 2.Do you know the Eiffel Tower, the world – famous landmark in France? 3. Both Thandar and Thura have done their homework. 4. The main artery of the body which is known as the aorta is joined to the left ventricle. 5. The reporter collected the required information and photos before writing a news article in the newspaper. 6. Mother went shopping without taking her purse. 7. Students are made to remember what the teacher says by taking notes. 8. Either the manager or his assistant will attend the meeting. 9. Daw Mu Mu is such a patient teacher that we understand the lessons clearly. 10. The more English you speak, the more fluent your speaking skill. 11. I met a man yesterday who is from Spain. 12. The movie was not only exciting but also amazing. (or) Not only was the movie exciting, but it was also amazing. 13. It was John who introduced me to everyone at the party. 14. can 15. Having completed the project, he felt a sense of achievement.

IV. (A) 1. When you pass it on the street 2. iron and concrete 3. once inside you can ride 4. Rome, Siam, or Nome 5. When adventure calls

(B) 1. “Manner” refers to the way of doing something. 2. “Manners” refers to the way a person behaves in society. 3. People should say “I’m sorry.” in a good manner when having done a wrong. 4. Children acquire manners from home and the school. 5. Showing respect to the other person and greeting appropriately are two good manners that are usually practised in our society. 6. Teenagers and young adults acquire ill manners and negative views from celebrities, films and the type of books and articles they read. 7. To build a well-manned society, the current generation is responsible for the imparting good manners to the next generation. 8. Teachers are good role models in a school because students imitate their manners and behaviour. 9. “Home” may be considered the “birthplace” of manners because children hear what the elders around them say and see what the elders do. 10. These lines mean that the building (the library) may seem like any other structure from the outside, unremarkable when you simply pass by. However, once you enter, it holds immense value and significance, revealing its true purpose and richness.

VI. (A) (1) monotheism (2) legacies (3) ancient (4) immortality (5) wielded

(B) (1) Pharaohs, the kings of ancient Egypt, were regarded as pivotal figures who ruled one of history's most remarkable civilizations. (2) The title of ' pharaoh' was first used during the New Kingdom period and the underlined word refers to the New Kingdom period. (3) The king called Khufu built the Great Pyramid of Giza and the king Ramses II was welknown because of his architectural achievements and military conquests. (4) The notable female pharaoh was Hatshepsut and Akhenaten introduced monotheism by worshipping Aten, the sun disk. (5) Pharaohs commissioned grand temples, statues, and tombs to symbolize their power and ensure their immortality.

****************

## Unit 1 GOOD MANNERS

**V.(1) Read the passage.**

‘Manners’ refers to the way of doing something. ‘Manners’ refers to the way a person behaves in society. Thus, manners can be good or bad, polite or impolite. For example, in our Myanmar culture and society, at mealtimes, it is bad manners for a junior to start eating before a senior does. It is always polite for a junior to listen with arms folded while he or she is spoken to by a senior such as a parent or teacher. One important point to bear in mind is that every society and culture has its list of good and bad manners. Generally speaking, some manners are universal while some are culture-specific. This means that a manner which is acceptable in one society may not be tolerated in another. For instance, belching or breaking wind in a company may be quite acceptable in one society but not tolerated in another. For instance, belching or breaking wind in a company may be quite acceptable in one society but not tolerate in another.

In one’s home or elsewhere, good manners are vital for a pleasant atmosphere and for getting on well in life. Thus, showing respect to the other person, offering help, greeting appropriately, and saying “I’m sorry” when having done a wrong are all good manners. Now let us see how manners are acquired.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Something -------- by any means is called manner.
(2) At mealtimes, a junior usually -------- eating after a senior does in Myanmar.
(3) Listening to the elders by -------- arms is polite for a junior.
(4) -------- can make a person get on well in life.
(5) After you -------- a wrong, you should say ' I am sorry.'

**(B) Answer each question in one sentence. (5 marks)**

(6) What is the behaviour of a person in society called?
(7) Why can manners be good or bad, polite or impolite?
(8) How should youths listen to the elders as a polite manner?
(9) What do universal manners mean?
(10) What should you do to get on well in life?

**V.(2) Read the passage.**

‘Home’ may be considered the ‘birthplace’ of manners. Children hear what the elders around them say and see what the elders do. As they imitate their elders, they acquire their elders’ manners. And there are times the father, mother, elder sister or brother may formally teach the children to say or act politely. If the elders around them are gentle and polite, they grow up to be gentle and polite. If on the other hand, the elders around them are crude and rude, they will grow up to be crude and rude as well.

Next comes the school as an institution to impart good manners. Almost all children not only learn the school subjects their teachers teach but also imitate the teachers’ manners and behaviour. In a school where teachers are good role models, students learn to be polite and respectful. In addition, they are quite likely to take their classmates and senior students to be role models; and here is the danger of acquiring ill manners.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Manners can be firstly born --------.
(2) Children imitate what the elders --------.
(3) -------- politely may be formally taught to children.
(4) An institution -------- imparts good manners for children is the school.
(5) The -------- of teachers are imitated by students.

**(B) Answer each question in one sentence. (5 marks)**

(6) Why do children acquire their elders' manners?
(7) What will happen to children who are in the hand of crude and rude elders?
(8) What do almost all children do at school?
(9) Where can students learn to be polite and respectful?
(10) How may students acquire ill manners?

**V.(3) Read the passage.**

As we all know, teenagers and young adults are very often influenced by celebrities, films and the type of books and articles they read. Hence, they are quite likely to be misled and thereby acquire ill manners and negative views. There is still another institution that imparts manners: the work domain. Once a person gets a job, his work domain becomes an added institution to influence him, for good or evil.

To put it in a nutshell, the current generation as a whole is the most powerful and most responsible institution for the imparting of good manners. The modelling of society is no easy task. All the elders of this generation should conscientiously join hands and teach their juniors to be law-abiding, upright, honest, self-respecting, disciplined, punctual, charitable, helpful, merciful, and forgiving. The quality of the next generation is in the hands of the present generation. As a matter of fact, we are mutually responsible for building a well-mannered society.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) The -------- of celebrities and films can mislead teenagers and young adults.
(2) The work domain can influence a person --------- a job, for good or evil.
(3) The -------- of current generation can make juniors have good manners.
(4) The modelling of society cannot be -------- done.
(5) Juniors should be conscientiously -------- by the seniors to have good manners.

**(B) Answer each question in one sentence. (5 marks)**

(6) What is the result for teenagers given by celebrities, films and books?
(7) Why can the work domain become an institution that imparts manners for a person who gets a job?
(8) What is the responsibility of the elders of present generation?
(9) How does the quality of the next generation depend?
(10) For what are the present and next generations mutually responsible?

*************

Answers

Unit 1 GOOD MANNERS

V.(1) (A) (1) done (2) starts (3) folding (4) Good manners (5) had done

(B) (6) The behaviour of a person in society is called manners. (7) Manners can be good or bad, polite or impolite because ' manners ' refers to the way a person behaves in society. (8) Youths should listen to the elders with arms folded as a polite manner. (9) Universal manners mean that they are acceptable in every society. (10) I should show respect to the other person, offer help, greet appropriately, and say "I'm sorry." when having done a wrong.

V.(2) (A) (1) at home (2) say and do (3) Saying or acting (4) that or which (5) manners and behaviour

(B) (6) Children acquire their elders' manners because they imitate their elders. (7) Children who are in the hand of crude and rude elders will grow up to be crude and rude. (8) Almost all children not only learn the school subjects their teacher teach but also imitate the teachers' manners and behaviour at school. (9) Students can learn to be polite and respectful in a school where teachers are good role models. (10) Students may acquire ill manners by taking their classmates and senior students to be role models.

(ဆက်လက်ဖော်ပြပါမည်)

****************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ်၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါစသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများ ဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။**

# ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းက ကူညီပေးခဲ့သည့် လာအိုခရီးသွားလုပ်ငန်း

**စိုးသူရ**



အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သည့် လာအိုနိုင်ငံသည် သာယာလှပပြီး ကမ္ဘာလှည့် ခရီးသွားများအတွက် သွားရောက်လည်ပတ်ရန် နေရာများရှိသည့်နိုင်ငံဖြစ်သည်။

ခရီးသွားလာမှုကြာချိန် လျှော့ချခြင်းနှင့် သက်သောင့်သက်သာ စီးနင်းနိုင်မှုတို့ကြောင့် တရုတ်-လာအိုရထားဖြင့် စီးနင်းရခြင်းသည် ကမ္ဘာလှည့်ခရီးသွားများအကြား ရေပန်းစားသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် ကူမင်းမြို့နှင့် လာအိုနိုင်ငံ မြို့တော် ဗီယင်ကျန်းတို့ကိုဆက်သွယ်ပေးမည့် တရုတ် - လာအိုရထားခရီးစဉ်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် စတင်ပြေးဆွဲခဲ့သည်။ ယင်းရထားလမ်းသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း အရ လာအိုနိုင်ငံအား ကုန်းတွင်းပိတ်နိုင်ငံအဖြစ်မှ ကမ္ဘာ့နိုင်ငံများနှင့် ဆက်သွယ်သွားလာနိုင်သည့် နိုင်ငံအဖြစ်သို့ ကူးပြောင်းရောက်ရှိစေခဲ့သည်။

တရုတ်-လာအိုရထားသည် တရုတ်နိုင်ငံမှ ခရီးသွားများသာမက ဗီယင်ကျန်းမြို့သို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံတကာခရီးသွားများအား လမ်ပရာဘန်နှင့် အခြားခရီးသွားနေရာများအထိသွားရောက်ရန် အဆင်ပြေသည့်အတွက် လာအိုနိုင်ငံသို့ လာရောက်သည့် ခရီးသွားအရေအတွက် ပိုမိုများပြားလာသည်ဟု သိရသည်။

လာအိုနိုင်ငံတွင် တရုတ်-လာအိုရထားလမ်း ဖွင့်လှစ်ခဲ့ပြီးနောက် ၂၀၂၃ခုနှစ် တစ်နှစ်တည်းတွင် ယင်းရထားလမ်းမှတစ်ဆင့် ကမ္ဘာလှည့်ခရီးသည် ၁၁၀၀၀၀ ကျော် လာအိုနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည်။ ယင်းသို့ခရီးသည်အများအပြား ဝင်ရောက်လာသဖြင့် ဟိုတယ်နှင့် စားသောက်ဆိုင်များအပါအဝင် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများကို ပြန်လည်အသက်ဝင်စေခဲ့သည်။

အဆိုပါ မီးရထားလမ်းသည် ဒေသတွင်း ဆက်သွယ်မှု၏ သင်္ကေတတစ်ခုဖြစ်လာပြီး ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးလာစေခဲ့သည်။ ထို့ပြင် လာအိုကို တရုတ်နှင့် အရှေ့တောင်အာရှဒေသကြား တံခါးပေါက်တစ်ခုအဖြစ် သတ်မှတ်ရန်လည်း ကူညီပေးခဲ့သည်။ ရထားလမ်း ဖွင့်လှစ်ခဲ့ခြင်းကြောင့် လာအိုဒေသခံများအတွက် အလုပ်အကိုင်များရရှိစေခဲ့ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေခဲ့သည်။

တရုတ်နိုင်ငံ ချုံကင်းဒေသတွင်နေထိုင်သူ တစ်ဦးက တရုတ်-လာအိုရထားလမ်း ဖွင့်လှစ်ခဲ့ခြင်းကြောင့် လာအိုနိုင်ငံသို့ သွားရောက်ရန် အခွင့်အရေးရရှိခဲ့ကြောင်း ပြောသည်။

လာအိုနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် နိုင်ငံတကာ ခရီးသွားဧည့်သည် ၄ ဒသမ ၃ သန်းကို ဆွဲဆောင်ရန် ရည်မှန်းထားပြီး ဝင်ငွေအမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရရှိရန်မျှော်မှန်းထားသည်။

လာအို ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ၂၀၂၆-၂၀၃၀ ပြည့်နှစ် အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ အဆိုပါ အစီအစဉ်သည် လာအိုနိုင်ငံ၏ မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတစ်လျှောက် ခရီးသွားလာရေး လုပ်ငန်းမြှင့်တင်ရန်ရည်ရွယ်ပြီး ခရီးသွားနေရာများရှိအခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေရန် ရည်မှန်းထားသည်။ ထို့ပြင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ဒေသခံလူထု၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းဝန်ကြီးဌာနသည် ခရီးသွားဝန်ဆောင်မှုကို မြှင့်တင်ရန်၊ ခရီးသွားများ ဘေးကင်းစေရန်နှင့် လာအိုနိုင်ငံ၏ သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရန်အတွက် ရေရှည်တည်တံ့သော ခရီးသွားအလေ့အကျင့်များကို မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိသည်။

လာအိုနိုင်ငံသည် ၂၀၂၅ခုနှစ်တွင်ကမ္ဘာလှည့် ခရီးသွားများနိုင်ငံအတွင်းသို့ လာရောက်စေရေး အတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ် အရ အောက်ပါအချက်များကို ဆောင်ရွက်နေသည်။

**လမ်းများနှင့် အဆောက်အအုံများ မြှင့်တင်**

နိုင်ငံအတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်သည့်အနေဖြင့် ကမ္ဘာလှည့်ခရီးသွားများ လည်ပတ်မှုများပြားသည့်ဒေသများတွင် လမ်းများ နှင့် အဆောက်အအုံများကို မြှင့်တင်နေသည်။

**ခရီးသွားလုပ်ငန်းမြှင့်တင်ရေး မီဒီယာအစီအစဉ်များ ဆောင်ရွက်နေ**

ထို့ပြင် အိမ်နီးချင်းနိုင်ငံများရှိ ခရီးသွားများအား နိုင်ငံအတွင်းသို့လာရောက်စေရေးအတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး မီဒီယာအစီအစဉ်များ ဆောင်ရွက်နေသည်။ ယင်းမီဒီယာအစီအစဉ်များ ဆောင်ရွက်မှုကြောင့် ၂၀၂၄ ခုနှစ်တွင် ကျင်းပသည့် လာအိုခရီးသွားနှစ်တွင် တရုတ်နိုင်ငံမှခရီးသွားများ အပါအဝင် နိုင်ငံတကာခရီးသွားများ လာအိုနိုင်ငံသို့ ဝင်ရောက်ခဲ့ကာ ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အများအပြား ရရှိခဲ့သည်။

**ကမ္ဘာလှည့်ခရီးသွားများအတွက် အဆင်ပြေစေသည့် နိုင်ငံအတွင်းဝင်ရောက်မှုစည်းမျဉ်း**

ရိုးရှင်းသော နယ်စပ်စစ်ဆေးမှုများနှင့် ဗီဇာလုပ်ငန်းစဉ်များအပြင် ကမ္ဘာလှည့်ခရီးသွားများ ငွေကြေးသုံးစွဲမှုအဆင်ပြေစေရေးအတွက် လာအိုဘဏ်စနစ်မှတစ်ဆင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုများကို ဆောင်ရွက်နေသည်။

**ပွဲတော်များဖြင့် ဆွဲဆောင်သည့် ခရီးသွားလုပ်ငန်း**

လာအိုနိုင်ငံတွင် တစ်နှစ်ပတ်လုံး လာရောက်လည်ပတ်သူများကို ဆွဲဆောင်ရန်အတွက် အမျိုးသားခရီးသွားလုပ်ငန်းပြက္ခဒိန်တွင် ပွဲတော်ရက်များကို ထည့်သွင်းထားသည်။

**စဉ်ဆက်မပြတ်သည့်ခရီးသွားလာရေးလုပ်ငန်း**

လာအိုနိုင်ငံသည် ရှုခင်းများဖြင့် ဆွဲဆောင်သည့် ခရီးသွားလာရေးလုပ်ငန်းအား ဦးစားပေး ဆောင်ရွက်သည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကို ဆောင်ရွက်နေသည်။

**အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း**

ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလှုပ်ရှားမှုများနှင့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုစံနှုန်းများ မြှင့်တင်ရန် စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို အစိုးရနှင့် ပုဂ္ဂလိကအကြား ဆောင်ရွက်နေသည်။

**နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ခြင်း**

ဒေသတွင်း ခရီးသွားလာမှုနှင့် ချိတ်ဆက်မှု မြှင့်တင်ရန် အိမ်နီးချင်းနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာအစီအစဉ်များ ဆောင်ရွက်နေသည်။

**နိုင်ငံအတွင်းရှိ ခရီးသွားနေရာများ**

**လမ်ပရာဘန်**

ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်နေရာဖြစ်သည့် လမ်ပရာဘန်မြို့သည် လာအိုနိုင်ငံတွင် လာရောက်လည်ပတ်ရန် အကောင်းဆုံးနေရာများ အနက်တစ်ခုဖြစ်သည်။ မဲခေါင်မြစ်နှင့် နမ့်ခန်းမြစ်တို့ပေါင်းဆုံရာတွင်တည်ရှိပြီး ဆွဲဆောင်မှုရှိသော ယင်းမြို့သည် ပြင်သစ်ကိုလိုနီခေတ်လက်ရာ အလှအပများနှင့် လာအိုရိုးရာယဉ်ကျေးမှုတို့ကို ပေါင်းစပ်ထားသည်။ လမ်ပရာဘန်မြို့တွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၊ တော်ဝင်နန်းတော်ပြတိုက်နှင့် Phousi တောင်တို့ တည်ရှိပြီး နံနက်ပိုင်းတွင် သံဃာတော်များအား ဆွမ်းလောင်းသည့်မြင်ကွင်းကိုလည်း တွေ့မြင်နိုင်သည်။

**ကောင်းဆီရေတံခွန်**

လမ်ပရာဘန်မြို့မှ အချိန်တိုအတွင်း ကားဖြင့် လည်ပတ်နိုင်သည့် ကောင်းဆီရေတံခွန်သည် ကမ္ဘာလှည့်ခရီးသွားများအကြား ကျော်ကြားသည့်နေရာ တစ်ခုဖြစ်သည်။ လာရောက်လည်ပတ်သူများသည် ရေတံခွန်တွင်ရေကူးခြင်းနှင့် အနီးရှိဝက်ဝံကယ်ဆယ်ရေးစခန်းသို့သွားရောက်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

**ဗီယင်ကျန်း**

လာအိုနိုင်ငံ၏ မြို့တော်ဖြစ်သည့် ဗီယင်ကျန်းသည် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားဆွဲဆောင်မှုများအား အမှတ်တရအဖြစ် စုစည်းထားသည်။ ဗီယင်ကျန်းတွင် ဖာသက်လောင်ဘုရား၊ ပက်တူဆိုင်းအောင်ပွဲ အထိမ်းအမှတ်တံခါးနှင့် ဗုဒ္ဓဥယျာဉ်ကဲ့သို့သော လည်ပတ်စရာနေရာများ ရှိသည်။

**ဝပ်ဖူးဘုရားကျောင်း**

လာအိုနိုင်ငံတောင်ပိုင်း ချန်ပါဆက်ပြည်နယ်ရှိ Phou Khao တောင်ခြေရင်းတွင် တည်ထားသည့် ရင်သပ်ရှုမောဖွယ်ရာ ရှေးဟောင်းဝပ်ဖူးဘုရားကျောင်းအဆောက်အအုံသည် ကမ္ဘာလှည့်ခရီးသွားအများစု သွားရောက်လည်ပတ်ရာနေရာဖြစ်သည်။ ယင်းဘုရားကျောင်းသည် ၂၀၀၁ ခုနှစ်မှစတင်၍ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာ ဖြစ်လာခဲ့သည်။

လာအိုနိုင်ငံသည် တရုတ်နိုင်ငံကဆောင်ရွက်နေသည့်ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အကူအညီများဖြင့် နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍကိုသာမက နိုင်ငံသားများ၏ အလုပ်အကိုင်ရရှိရေးနှင့် လူမှုစီးပွားဘဝများအောင်မြင်လာသည်ကို တွေ့ရှိရသည်။ လာအိုနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် တရုတ်နိုင်ငံ၏ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကြောင့် အောင်မြင်ခဲ့ကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။

**ကိုးကား – Laos aims to get over One Billion Dollars Tourism Income in 2025**

**“လာအိုနိုင်ငံတွင် တရုတ်-လာအိုရထားလမ်းဖွင့်လှစ်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ် တစ်နှစ်တည်းတွင် ယင်းရထားလမ်းမှတစ်ဆင့် ကမ္ဘာလှည့် ခရီးသည် ၁၁၀၀၀၀ ကျော် လာအိုနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည်။ ယင်းသို့ခရီးသည်အများအပြား ဝင်ရောက်လာသဖြင့် ဟိုတယ်နှင့် စားသောက်ဆိုင်များအပါအဝင် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများကို ပြန်လည်အသက်ဝင်စေခဲ့”**

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၉

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသော ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိမြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ခန်းမ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ငွေး၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ အမျိုးသားကာယဗလမောင် up to 65 kg ပြိုင်ပွဲ၊ အမျိုးသားကာယဗလမောင် up to 75 kg ပြိုင်ပွဲ၊ အမျိုးသား Athletic Physique (open) ပြိုင်ပွဲ၊အမျိုးသမီး Athletic Physique (open)၊ အမျိုးသမီး Model Physique (open)၊ အမျိုးသား Sport Physique (open)၊ အမျိုးသားကာယဗလမောင် up to 80 kg and over 80 kg ပြိုင်ပွဲများ ကျင်းပရာ ပြိုင်ပွဲဝင် အားကစားသမားက သတ်မှတ်ကိုယ်ဟန်ခုနစ်မျိုးဖြင့် ခန္ဓာကိုယ်အချိုးအစားကျစ်လျစ်ခိုင်မာမှုကိုလှစ်ထုတ်ပြသ ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဗိုလ်လုပွဲပြိုင်ပွဲတွင် ပဏာမရွေးချယ်ခံရသော အားကစားသမားများက ခန္ဓာကိုယ်အချိုးအစားကျစ်လျစ်ခိုင်မာမှုကို နောက်ခံတေးဂီတနှင့်အတူ တစ်ဦးချင်း စိတ်ကြိုက်ကိုယ်ဟန်နှင့် သတ်မှတ်ကိုယ်ဟန်ခုနစ်မျိုးဖြင့် လှစ်ထုတ်ပြသယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ အမျိုးသားကာယဗလမောင် up to 65 kg ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအားလည်းကောင်း၊ အမျိုးသားကာယဗလမောင် up to 75 kg ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား လည်းကောင်း၊ အမျိုးသား Athletic Physique (open)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား လည်းကောင်း၊ အမျိုးသမီး Athletic Physique (open) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအားလည်းကောင်း၊ အမျိုးသမီး Model Physique (open) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊




တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအားလည်းကောင်း၊ အမျိုးသား Sport Physique (open) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား လည်းကောင်း၊ အမျိုးသားကာယဗလမောင် up to 80 kg and over 80 kg ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအားလည်းကောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ငွေး၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်)ဦးညီညီနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# Kickboxing အားကစားနည်းမှ အားကစားသမားများ လူရွေးချယ်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် IMANE AMATEUR FUTSAL CUP 2025 ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၉

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားခန်းမ၌ (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည့် ကစ်ဘောက်ဆင် (Kickboxing) အားကစားနည်းမှ အားကစားသမားများ လူရွေးချယ်ခြင်းနှင့် Asian Kickboxing Confederation (AKC) ဥက္ကဋ္ဌ Mr. Nasser Nassiri နှင့် နည်းပြတို့က အားကစားအထောက်အကူပြု ပစ္စည်းများ၊ နည်းစနစ်ပိုင်းနှင့် နည်းပညာဆိုင်ရာ အချက်အလက်များ ရှင်းလင်းဆွေးနွေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။




ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)စားရိပ်သာ၌ သင်တန်းသား သင်တန်းသူများအား နေ့လယ်စာ ကျွေးမွေးရန် ပြင်ဆင်ထားရှိမှု၊ I.S.P.E ဘောလုံးအသင်း နေ့လယ်စာ စားသုံးနေမှုနှင့် သုဝဏ္ဏလူငယ်အားကစား လေ့ကျင့်ရေးစခန်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပပြုလုပ်နေသော အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် IMANE AMATEUR FUTSAL CUP 2025 ဖူဆယ်ပြိုင်ပွဲတွင် ULAD FC အသင်းနှင့် Kyal Sin Lin FC အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက Imane Thailand မှ ပြိုင်ပွဲတွင် တာဝန်ယူခဲ့သော ဒိုင်လူကြီးများအား အမှတ်တရဆု၊ အသန့်ရှင်းဆုံးဆု၊ အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး ကစားသမားဆု၊ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိသည့် အသင်းနှင့် အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

◆ ကျောဖုံးမှ

တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်က ပေးအပ်ရာ ရန်ကုန်ဂေါက်ကလပ် အထွေထွေမန်နေဂျာ ဦးသိန်းဇော်ဝေက လက်ခံရယူသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ဆုများချီးမြှင့်ရာ Junior Golf Myanmar (JGM) အတွင်းရေးမှူး ဦးကျော်မင်းမင်းလတ်က အသက် ၁၂ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့သော ရွှေဖုန်းအောင်၊ ၃၂၀ ဖြင့် တတိယဆုရရှိသော ကောင်းခန့်ဇော်၊ ၂၈၄ ချက်ဖြင့် ဒုတိယဆုရရှိသော အောင်စိုးထွန်း၊ ၂၇၃ ချက်ဖြင့် ပထမဆုရရှိသော ငွေဖုန်းသိခ်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက အသက် ၁၈ နှစ်အောက် အမျိုးသမီးသက်တမ်းတွင် ၂၆၈ ချက်ဖြင့် တတိယဆုရရှိသော CHOI HUI၊ ၂၅၅ ချက်ဖြင့် ဒုတိယဆုရရှိသော နန်းဆိုင်အွမ်ငင်း၊ ၂၄၈ ချက်ဖြင့် ပထမဆုရရှိသော ဆုနှင်းဖြူတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအိုက်ပန်းက အသက် ၁၄ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် ၂၄၁ ချက်ဖြင့် တတိယဆုရရှိသော လင်းထက်ညီ၊ ၂၄၀ ဖြင့် ဒုတိယဆုရရှိသော နိုင်ဦးကို၊ ၂၃၁ ချက်ဖြင့် ပထမဆုရရှိသော ကျော်သံလွင်ဟိန်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အသက် ၁၈ နှစ်အောက်(အမျိုးသား) သက်တမ်းတွင် ၂၅၆ ချက်ဖြင့် တတိယဆုရရှိသော ကောင်းထက်၊ ၂၅၄ ချက်ဖြင့် ဒုတိယဆုရရှိသော Locadio K၊ ၂၃၈ ချက်ဖြင့် ပထမဆုရရှိသော မင်းခန့်သော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

အကြိမ် (၄၀)မြောက် Junior Golf Myanmar Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့သည်။

**သတင်း-ထွဏ်းသွေးအိမ်**
**ဓာတ်ပုံ-MGF**

# မြစ်ကြီးနားမြို့ မိုးလုံလေလုံအားကစားရုံ၌ ပထမအကြိမ် လက်မောင်းလှဲအားကစားပြိုင်ပွဲ ကျင်းပ

မြစ်ကြီးနား ဇွန် ၂၉

ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ရိုးရာ ပန်းပညာရှင်များအစည်းအရုံးတို့က ကြီးမှူးကျင်းပသည့် လက်မောင်းလှဲအားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ဦးစွာ လက်မောင်းလှဲအားကစားပြိုင်ပွဲတွင် မြို့နယ်ရိုးရာ ပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး ပြိုင်ပွဲစီစဉ်သူ ဦးရှိန်းအာကာက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲများ စတင်ကျင်းပသည်။

အဆိုပါ လက်မောင်းလှဲအားကစားပြိုင်ပွဲသည် မြစ်ကြီးနားမြို့တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ကီလို ၆၀ နှင့် ၇၀ တန်း ဘယ်လက်မောင်းလှဲပြိုင်ပွဲ၊ ကီလို ၆၀ တန်း ညာလက်မောင်းလှဲပြိုင်ပွဲနှင့် ကီလို ၇၀ တန်း ညာလက်မောင်းလှဲပြိုင်ပွဲများ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင် ၇၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ကီလို ၆၀ နှင့် ၇၀ တန်း ဘယ်လက်မောင်းလှဲပြိုင်ပွဲတွင် ဆုရရှိသူ သုံးဦး၊ ကီလို ၆၀ တန်း ညာလက်မောင်းလှဲပြိုင်ပွဲတွင် ဆုရရှိသူ သုံးဦးနှင့် ကီလို ၇၀ တန်း ညာလက်မောင်းလှဲပြိုင်ပွဲတွင် ဆုရရှိသူ သုံးဦး စုစုပေါင်း ဆုရရှိသူကိုးဦးတို့အား ပထမဆုငွေကျပ် နှစ်သိန်း၊ ဒုတိယဆု ငွေကျပ်



တစ်သိန်းနှင့် တတိယဆုငွေကျပ် ၅၀၀၀၀ ဖြင့် ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဂျာမနီယူ-၂၁ အသင်းကို အနိုင်ရပြီး အင်္ဂလန်ယူ-၂၁ အသင်း ဥရောပယူ-၂၁ ချန်ပီယံရှစ်ဖလား နှစ်ကြိမ်ဆက်တိုက် ဆွတ်ခူး

၂၀၂၅ ခုနှစ် ဥရောပယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို ဇွန် ၂၉ ရက် နံနက်ပိုင်းက ဆလိုဗက်ကီးယားနိုင်ငံ၌ အင်္ဂလန် ယူ-၂၁ အသင်းနဲ့ ဂျာမနီယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်ယူ-၂၁ အသင်းက ဂျာမနီ ယူ-၂၁ အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အင်္ဂလန်အသင်းဟာ ဥရောပယူ-၂၁ ချန်ပီယံရှစ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အင်္ဂလန်ယူ-၂၁ အသင်းနဲ့ ဂျာမနီယူ-၂၁ အသင်းတို့ပွဲစဉ်မှာ အင်္ဂလန်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ငါးမိနစ်မှာ အီးလီးယော့စ်က တစ်ဂိုး၊ ၂၄ မိနစ်မှာ ဟွတ်ချင်ဆင်က တစ်ဂိုး၊ သာမန်ပွဲကစားချိန်အပြီး အချိန်ပိုနှစ်မိနစ်မှာ ဂျိုနက်သန်ရိုတီက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပြီး ဂျာမနီယူ-၂၁ အသင်းအတွက် ချေပဂိုးတွေကိုတော့ ပထမပိုင်းပွဲကစားချိန်အပြီး နာကျင်အချိန်ပို တစ်မိနစ်မှာ ဝီပါက တစ်ဂိုးနဲ့ ၆၁ မိနစ်မှာ နီဘယ်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အင်္ဂလန်ယူ-၂၁ အသင်းဟာ ၁၉၈၂ ခုနှစ်နဲ့ ၁၉၈၄ ခုနှစ် ဥရောပယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲတွေမှာ နှစ်ကြိမ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့ပြီး ၂၀၂၃ ခုနှစ်နဲ့ ၂၀၂၅ ခုနှစ် ဥရောပ ယူ-၂၁ ပြိုင်ပွဲတွေမှာလည်း နှစ်ကြိမ်ဆက်တိုက် အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် အင်္ဂလန်ယူ-၂၁ အသင်းဟာ ဥရောပယူ-၂၁ ချန်ပီယံရှစ်ဖလားကို လေးကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဥရောပယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲမှာ စပိန်အသင်းနဲ့ အီတလီအသင်းတို့ဟာ ချန်ပီယံအဖြစ် ငါးကြိမ်စီ ဆွတ်ခူးထားကာ အောင်မြင်မှုအများဆုံးရရှိထားတဲ့အသင်းတွေအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။

## ဒေါ့မွန်အသင်း တောင်ပံကစားသမား ဂစ်တန် ပေါင် ၅၅ သန်းဖြင့် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းရဲ့ တောင်ပံကစားသမားဂစ်တန်ဟာ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းဆီ ပြောင်းရွှေ့ကြေးပေါင် ၅၅ သန်းနဲ့ ပြောင်းရွှေ့ခဲ့ပြီ ဖြစ်ပါတယ်။

အသက် ၂၀ အရွယ်ရှိအင်္ဂလန်တောင်ပံကစားသမား ဂစ်တန်ဟာ ယခုလ အစောပိုင်းကတည်းက ချယ်လ်ဆီးအသင်းနဲ့အတူ ခုနစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုဖို့ သဘောတူညီခဲ့တာလည်း ဖြစ်ပါတယ်။

ဒေါ့မွန်အသင်းဟာ ဇွန် ၁၀ ရက်က တောင်ပံကစားသမား ဂစ်တန်ကို ပြောင်းရွှေ့ကြေး ပေါင် ၄၂ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းလာမှုကို ငြင်းဆိုခဲ့ဖူးတာဖြစ်ပေမယ့် လက်ရှိအချိန်မှာတော့ ချယ်လ်ဆီးအသင်းရဲ့ ကမ်းလှမ်းမှုကို လက်ခံခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ တိုက်စစ်မှူး ဒီလက်၊ ကွင်းလယ်ကစားသမား အက်ဆူဂိုနဲ့ နောက်တန်းကစားသမား မာမာဒူဆားတို့ကို ခေါ်ယူထားပြီးဖြစ်တာကြောင့် ဂစ်တန်ဟာ ချယ်လ်ဆီးအသင်းက ယခုအပြောင်းအရွှေ့အတွင်းခေါ်ယူခဲ့တဲ့ လေးဦးမြောက်ကစားသမားဖြစ်လာတော့မှာ ဖြစ်ပါတယ်။ ဒါ့ပြင် အသက် ၁၈ နှစ်အရွယ် အက်စ်တီမာဂိုဝီလီယံကလည်း ပါးလ်မီးရက်စ်အသင်းနဲ့အတူ ဖီဖာကလပ်ကမ္ဘာ့ဖလားယှဉ်ပြိုင်ကစားပြီးပါက ချယ်လ်ဆီးအသင်းဆီပြောင်းရွှေ့တော့မှာဖြစ်ပါတယ်။




## ဘင်ဖီကာအသင်းကို အနိုင်ရပြီး ချယ်လ်ဆီးအသင်း ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တက်လှမ်း

ချယ်လ်ဆီးအသင်းဟာ ၂၀၂၅ ခုနှစ် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်ပွဲစဉ်အဖြစ် ဇွန် ၂၉ ရက်နံနက်ပိုင်းက ဘင်ဖီကာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘင်ဖီကာအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဘင်ဖီကာအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၆၂ မိနစ်မှာ ရီစီဂျိမ်းစ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ငါးမိနစ်မှာ ဒီမာရီယာရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ဘင်ဖီကာအသင်း ချေပဂိုးရရှိခဲ့လို့ အချိန်ပိုယှဉ်ပြိုင်ကစားခဲ့ရတာ ဖြစ်ပါတယ်။



အချိန်ပိုယှဉ်ပြိုင်ကစားရာမှာတော့ ချယ်လ်ဆီးအသင်းက ၁၀၈ မိနစ်မှာ အင်န်ကွန်ကူက တစ်ဂိုး၊ ၁၁၄ မိနစ်မှာ ပက်ဒရိုနီတိုက တစ်ဂိုးနဲ့ ၁၁၇ မိနစ်မှာ ဒူဘူရီဟောလ်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့လို့ ဖီဖာကလပ်ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ချယ်လ်ဆီးအသင်းနဲ့အတူ သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ရီစီဂျိမ်းစ်ဟာ ယခုနှစ်အတွင်း အလွတ်တည်ကန်ဘော သုံးကြိမ်ကန်သွင်းခွင့်ရရှိခဲ့ရာမှာ နှစ်ကြိမ်က ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ဘင်ဖီကာအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ ပါးလ်မီးရက်စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

## တိုက်စစ်မှူး လီဝင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အဲဗာတန်အသင်းမှ ထွက်ခွာမည်

အဲဗာတန်အသင်းတိုက်စစ်မှူး လီဝင် အသင်းနဲ့ လမ်းခွဲတော့မှာ ဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိ အင်္ဂလန်ကစားသမား လီဝင်ဟာ ၂၀၁၆ ခုနှစ်အတွင်းက ရှက်ဖီးယူနိုက်တက်အသင်းကနေ ပြောင်းရွှေ့ကြေး ပေါင် ၁ ဒသမ ၅ သန်းဖြင့် အဲဗာတန်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အသင်းအတွက် လက်ရှိအချိန်ထိ ပွဲစဉ် စုစုပေါင်း ၂၇၃ ပွဲအထိ ပါဝင်ယှဉ်ပြိုင်ကစားပေးခဲ့ရာ သွင်းဂိုး ၇၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

လီဝင်ဟာ ၂၀၂၁ ခုနှစ်နောက်ပိုင်း အင်္ဂလန်နိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ပွဲစဉ် စုစုပေါင်း ၁၁ ပွဲ ပါဝင်ကစားပေးခဲ့ပြီ သွင်းဂိုး လေးဂိုး သွင်းယူထားနိုင်ခဲ့တာ ဖြစ်ပါတယ်။






ချယ်လ်ဆီးအသင်းဟာ အက်စတွန်ဗီလာအသင်းမှ အသက် ၃၂ နှစ်အရွယ်ရှိ အာဂျင်တီနား ဂိုးသမား အီမီလီယာနိုမာတီနက်အား ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသော်လည်း ကစားသမားကိုယ်တိုင်က မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။



လီဗာပူးအသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းမှ အသက် ၂၄ နှစ်အရွယ်ရှိ အင်္ဂလန် ဗဟိုနောက်တန်းကစားသမား မက်ဂူဟီအား စာချုပ်ချုပ်ဆိုခေါ်ယူရန် နီးစပ်နေပြီဖြစ်ပြီး လီဗာပူးအသင်းမှ အင်္ဂလန်နောက်ခံကစားသမား ကွန်ဆာကလည်း လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့ကစားရန် ကျန်းမာရေးဆေးစစ်မှုများ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

# မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းလေးဒေသအတွင်းရှိ လျှပ်စစ်ဓာတ်အားလိုင်းများ ရာနှုန်းပြည့်ပြင်ဆင်ပြီးစီး

ညောင်ရွှေ ဇွန် ၂၉

မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသ အတွင်းရှိ ကျေးရွာများ၌ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ယိုင်လဲချို့ယွင်းပျက်စီး၍ ကျေးရွာပေါင်း ၃၂၁ ရွာ ယာယီဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့မှုအပေါ် အမြန်ဆုံးပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၂၈ ရက်တွင် လျှပ်စစ်ဓာတ်အားလိုင်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ထိခိုက်ပျက်စီးသွားသည့် လျှပ်စစ်ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ၊ လျှပ်စစ်မီးကြိုးများ ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ယိုင်လဲသွားသည့် ဓာတ်တိုင်များ တည့်မတ်ပြုပြင်ခြင်း၊ အသစ်စိုက်ထူခြင်း လုပ်ငန်းများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများ၊ လုပ်သားများက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ရာ ကျေးရွာပေါင်း ၃၁၆ ရွာ၌ လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်ဖြန့်ဖြူးထားပြီးဖြစ်ကြောင်း၊ ဓာတ်အားလွှတ်ရန် ကျန်ရှိသည့် ကျေးရွာ ငါးရွာတို့တွင် နေအိမ် အဆောက်အအုံများ ပြန်လည်တည့်မတ် ဆောက်လုပ်နေဆဲဖြစ်သည့်အတွက် လျှပ်စစ်အန္တရာယ် ကင်းရှင်းမှုရှိသည့်အချိန်မှသာ ဓာတ်အားပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

**နေမျိုးသူရိန်**



# ချမ်းအေးသာစံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းများ ဆောင်ရွက်

ချမ်းအေးသာစံ ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းများကို ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် သီရိဟေမာအရှေ့ရပ်ကွက်ရှိ မိုးကောင်းတိုက် အလယ်ရွှေကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

**ထပ်ဆောင်းထိုးနှံ**

ချမ်းအေးသာစံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အမျိုးသမီး ကျန်းမာရေးဆရာမ ဒေါ်ညိုမီလှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက မိုးကောင်းတိုက် အလယ်ရွှေကျောင်းတိုက်အတွင်းရှိ သက်တော်(၁၈)နှစ်အထက် သံဃာတော်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံပေးခဲ့သည်။

ချမ်းအေးသာစံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ချမ်းမြေ့မောင်**

# ပွင့်ဖြူမြို့နယ်၌ ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ပွင့်ဖြူ ဇွန် ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် မိုးကြိုပဲတီစိမ်းများကို အားထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေဖူလုံမှုကြောင့် မိုးကြိုပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ၂၆၀၄ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက မတ်လမှ စတင်၍ မဲဇလီရေလွှဲဆည်ရေဖြင့် မိုးကြိုပဲတီစိမ်းကို ကြိုးပမ်းစိုက်ပျိုးခဲ့ရာ ယနေ့အထိ ၆၂၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ စိုက်ပျိုးရေဖူလုံမှုကြောင့် ပဲတီစိမ်းစိုက်ခင်းများမှာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ပဲတီစိမ်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ အရည်အသွေးကောင်းသီးနှံများ ထွက်ရှိရေးအတွက်



စိုက်ခင်းများအတွင်း ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကျွန်းလှမြို့နယ်၌ ပလတ်စတစ်ကင်းစင်ရေး စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှု ဆောင်ရွက်

ကျွန်းလှ ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင်ပလတ်စတစ်ကင်းစင်ရေး စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှု ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက သစ်ရာမြိုင်ရပ်ကွက်၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျွန်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဖြိုးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးခိုင်မင်းထွန်းနှင့် တာဝန်ရှိသူများ ဦးဆောင်ပြီး ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူ စုစုပေါင်းအင်အား ၂၅၀ တို့က ဈေးရှေ့နှင့် မြို့အဝင်လမ်းဝဲယာရှိ ပလတ်စတစ်အမှိုက်များ၊ စွန့်ပစ်အမှိုက်များ စုပေါင်းကောက်ယူခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

★ UFC မှ

၎င်းထက်အဆင့်ပိုမြင့်သည့် ဘရန်ဒန်ရှိုင်ဗယ်နှင့် ထိုးသတ်ရခြင်းဖြစ်သည်။ ပြင်ဆင်ချိန်နည်းပါးသလို ၂၁ ရက်အကြာတွင် နောက်တစ်ပွဲထိုးသတ်ရသဖြင့် ပရိသတ်များစိုးရိမ်စိတ်ရှိခဲ့သော်လည်း ဂျိုရှုအာဗန်က ပထမအချီကတည်းက အကောင်းဆုံးလက်စွမ်းဖြင့် ပွဲထွက်နိုင်ခဲ့သည်။

ပထမအချီတွင် ဂျိုရှုအာဗန်က လက်ရည်ပိုကောင်းခဲ့ပြီး ဘရန်ဒန်ရှိုင်ဗယ်ကို အထိနာအောင်ထိုးနိုင်ခဲ့သည်။ ဒုတိယအချီတွင် ပြိုင်ဘက်က လက်ရည်ပိုသာသော်လည်း တတိယအချီတွင်မူ ဂျိုရှုအာဗန်က တစ်ကျော့ပြန်လက်ရည်ပြန်သာခဲ့သည်။ ဂျိုရှုအာဗန်သည် တတိယအချီပြီးခါနီးတွင် ပွဲသိမ်းနိုင်သည့် အခြေအနေရှိခဲ့ပြီး ညာလက်သီးကြောင့် ဘရန်ဒန် ကြမ်းပြင်ပေါ်လဲကျသွားပြီး ဆက်တိုက်ဖိထိုးသော်လည်း အချိန်ပြည့်သွားသဖြင့် ပွဲမသိမ်းနိုင်ဘဲ အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဂျိုရှုအာဗန်နှင့် ဘရန်ဒန်ပွဲကို Fight of the Night အဖြစ် ရွေးချယ်ခံရသဖြင့် နှစ်ဦးစလုံး ဒေါ်လာငါးသောင်းစီ ထပ်မံရရှိခဲ့သည်။

UFC CEO က ယခုပွဲအနိုင်ရသူကို ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်စိန်ခေါ်ခွင့်ပေးမည်ဟု ကတိပြုထားသလို ဂျိုရှုအာဗန်နှင့် ဘရန်ဒန်ပွဲအပြီး နောက်ပွဲထိုးသတ်သည့် ဖလိုင်းဝိတ်တန်း ချန်ပီယံကာကွယ်ပွဲတွင် ချန်ပီယံဆုဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည့် ဘရာဇီးဖိုက်တာ ပန်ဂျာတိုကို နောက်ပွဲတွင် ဂျိုရှုအာဗန်နှင့် ထိုးသတ်ရမည်ဖြစ်ကြောင်း စင်မြင့်ပေါ်တွင် ကြေညာခဲ့သဖြင့် ဂျိုရှုအာဗန်သည် ချန်ပီယံခါးပတ်စိန်ခေါ်ပွဲ ထိုးသတ်ခွင့်ရမည်ဖြစ်သည်။ **သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – UFC**

★ **အာရှဖလားမှ**

နှင်းပွင့်အေး၊ ဇွန်ယုယဦး၊ ဖြူဖွေး၊ ရူပါခိုင်၊ ဖြူဖြူဝင်း၊ ခင်မိုမိုထွန်း၊ ဝင်းဝင်း၊ ရွှေရည်ထွန်း၊ စန်းသော်သော်၊ ဝင်းသိင်္ဂီထွန်းတို့ကို အသုံးပြုခဲ့သည်။

မြန်မာအသင်းသည်ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့ပြီး ၁၁ မိနစ်တွင် ဝင်းဝင်းက အဖွင့်ဂိုး သွင်းယူခဲ့သည်။ ၂၃ မိနစ်တွင် တာ့ခ်မင်နစ္စတန်အသင်း ပင်နယ်တီ ကန်သွင်းခဲ့ရပြီး ဟိုင်ပိုဗာ ကန်သွင်းသော်လည်း မြန်မာဂိုးသမား မျိုးမြမြငြိမ်း ကာကွယ်နိုင်သဖြင့် မြန်မာအသင်း ချေပဂိုးမပေးလိုက်ရဘဲ ၂၈ မိနစ်တွင် ဝင်းဝင်းက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ပွဲကိုထိန်းချုပ်သွားပြီး ၃၉ မိနစ်တွင် ဝင်းဝင်းက ဟက်ထရစ်ရစေမည့် တတိယဂိုးကိုသွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ခင်မိုမိုထွန်းက စတုတ္ထဂိုးသွင်းယူသည်။

ဒုတိယပိုင်းအစတွင် ဝင်းသိင်္ဂီထွန်း အစား မေထက်လူဝင်ကစားခဲ့ပြီး မြန်မာအသင်း အနိုင်ဂိုးများ ထပ်မံရရှိခဲ့သည်။ ၄၈ မိနစ်တွင် စန်းသော်သော်၊ ၅၂ မိနစ်တွင် မေထက်လူ၊ ၇၅ မိနစ်တွင် ခင်မိုမိုထွန်းနှင့် ၉၀+၃ မိနစ်တွင် ရွှေရည်ထွန်းတို့က မြန်မာအသင်းအတွက် အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

အုပ်စု(ဂ)ဒုတိယနေ့ကို ဇူလိုင် ၂ ရက်တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ည ၇ နာရီတွင် ဘာရိန်းအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – စိုးညွန့်သော်**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-တိုးချဲ့)၊ မြေကွက်အမှတ်(A-၂)၊ အကျယ်ဝန်း(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(A-၂)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် သီရိအလှကုန်ကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၃၁၂/၂၀၁၁)၏ အမည်ဖြင့် မှတ်သားထားပါသည်။ အထက်တွင် ဖော်ပြထားသော ပစ္စည်းအား ကုမ္ပဏီ၏ ခွင့်ပြုချက်ရသူ ဦးမြင့်ဦး (ဘ)ဦးမြင့်အေး[၉/မမန(နိုင်)၀၈၈၇၅၇]မှ ရောင်းချခြင်းဖြစ်ပါသည်။ အထက်တွင်ဖော်ပြထားသော ရောင်းချသူသည် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၃၉၃၀၆**

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၁-က)နေ ဖခင် ဦးခင်မောင်(ကွယ်လွန်)+မိခင်ဒေါ်ဌေးဌေးမြင့်တို့၏ သမီးဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၂/သဃက(နိုင်)၁၉၂၇၀၂]ကိုင်ဆောင်သူ မသန်းသန်းဌေး(ခ)ဂျမီလာသည် မိဘ၊ အစ်ကို၊ မောင်နှမများ၏ ဆိုဆုံးမမှုကိုမနာခံခြင်း၊ မိခင်အပေါ် ရန်သူသဖွယ်ရိုင်းပျစွာ ဆဲဆိုခြင်းများကို ပြုလုပ်သည့်အပြင် ငွေကြေးများစွာကိုလည်း အလွဲသုံးစားပြုလုပ်၍ နေအိမ်မှ ထွက်ခွာသွားကြောင်း သိရှိရပါသည်။

သို့ပါ၍ မသန်းသန်းဌေး(ခ)ဂျမီလာအား ဤကြေညာချက်ပါသည့်နေ့မှစ၍ သွာနုတ္တသမီးအဖြစ် သတ်မှတ်သည့်အပြင် အမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်များကိုမျှ ၎င်း၏ မိခင်၊ ညီအစ်ကို၊ အစ်မများနှင့် လုံးဝသက်ဆိုင်မှုမရှိပါကြောင်း၊ ငွေကြေးကိစ္စ အရှုပ်အရှင်းများနှင့် အခြားပြဿနာများ ပေါ်ပေါက်လာပါက မသန်းသန်းဌေး (ခ)ဂျမီလာနှင့်သာ သက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်ဖြစ်သူ ဒေါ်ဌေးဌေးမြင့်[၁၂/သဃက(နိုင်)၁၂၅၂၄၉]၏ လွှဲအပ်ညွှန်ကြားမှုအရ**
**ဦးအောင်ကျော်ဦး (LL.B) DL-101 WIPO (Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၀၇၀)**
**ဖုန်း-၀၉-၄၂၁၅၆၆၉၂၆၊ ၀၉-၉၅၆၅၄၂၃၂၃**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန် လ ၃၀ ရက်)**

၁။ ၂၀၂၅ ခုနှစ်၊ ဇူလိုင် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၇၆) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဈ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအား ခွဲဝေ ရောင်းချရာတွင် ထီစာအုပ် (၇၃၆၃၆၂) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (**၇၃၆၃.၆၂၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (**၅၁၅၄.၅၃၄**) ဖြစ်ပါသည်။ (၇၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း (**၀.၅၇၄**) အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း (**၅၁၅၅.၁၀၈**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| | (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၂) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၄) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၃) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၇) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၇) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၈၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၃၀၀၀) | ဆု |
| | (၄) | ကျပ်ငါးသောင်း | = | (၅၀၀၀၀) | ဆု |
| | (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| | (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၁၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေ အပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၇၆) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၇-၂၀၂၅) ရက်နေ့ (အင်္ဂါနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၁၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို မွန်းလွဲ (၁၄း၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈၁)၊ ရွှေလီ (၃)လမ်း၊ မြေကွက်အမှတ် (၆၈၁)ဟုခေါ်တွင်သော ( အလျား ၄၀ပေ x အနံ ၆၀ပေ)အကျယ်ရှိ ဒေါ်ဌေးဌေးဝင်း အမည်ပေါက် ပါမစ်မြေကွက်ကြီးမှ တရားဝင်မခွဲစိတ်ရသေးသော (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ (ခြေရင်းခြမ်း) မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ၊ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်လက်ရှိဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အဆိုပြုသူ ဦးအေးမင်း [၁၂/ဒဂန(နိုင်)၀၁၆၁၁၈]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမြသန်း(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၉၇)**
**အမှတ်(၆၅၇)၊ နွယ်သာကီ(၁)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၇၉၂၄၀၃၉၇၊ ၀၉-၄၀၃၆၅၉၁၃၆**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ မနောသုခ လမ်း၊ မြေကွက်အမှတ်(၁၁၈၆)၊ အကျယ်အဝန်းပေ (၄၀ x ၆၀) ပေအကျယ်ရှိ ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော် အိုးအိမ်နှင့်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် ဒေါ်ဝင်းသိန်း [၁၂/လကန(နိုင်)၁၄၁၅၆၈] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး ယင်းမြေကွက်၏ တရားဝင်ခွဲခြမ်းစိတ် ဖြာခြင်းမပြုရသေးသော အကျယ်အဝန်းပေ (၂၀ ပေ x ၆၀ ပေ)ရှိ (ခေါင်းရင်းခြမ်း) ဟု ခေါ်တွင်သော အိမ်ခြံမြေအား အရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် ဦးညွန့်ရွှေ [၁၂/မရက(နိုင်)၀၃၅၄၀၆] မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးညွန့်ရွှေသည် (၃- ၅- ၂၀၂၄) ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီးနောက် ယခုအချိန်တွင် ၎င်း၏ အမွေဆက်ခံခွင့်ရှိကြသော ဇနီးဖြစ်သူ ဒေါ်သန်းသန်းအေး၊ (၁၂/မရက(နိုင်)၀၃၄၅၅၃)၊ သားဖြစ်သူ ဦးနေလင်း အောင် [၁၂/မရက(နိုင်)၀၄၀၈၇၀]၊ သမီးဖြစ်သူ ဒေါ်ခင်စန္ဒာလင်း [၁၂/မရက(နိုင်) ၀၃၀၂၅၀] တို့က ၎င်းတို့သာလျှင် တရားဝင်အမွေဆက်ခံခွင့်နှင့် တရားဝင်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်တူးတူးမာ [၁၂/ကမရ(နိုင်)၀၄၁၃၀၉]က အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ သည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တူးတူးမာ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၅၈၉၄)**
**အမှတ်-၁၄၆/ဘီ၊ မုဒိတာအိမ်ရာ-၁၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

**L ô v e Myanmar အမည်ရှိ Facebook Page အား ကိုင်ဆောင်အသုံးပြုသူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း**

ဝုန်းဝမ်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး(ရန်ကုန်)မှ ဦးစိုင်းလိတ် [၁၃/တကန(နိုင်)၀၂၁၇၃၉] နှင့် ဒေါ်နန်းယိင်းမို [၁၃/သနန(နိုင်)၀၂၆၃၅၃] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေများသည် ဦးစိုင်းလိတ်၏ **ကျားနှင့်နေ** အမှတ်တံဆိပ် ဖြင့် မဟာဖြေဆေးဆေးမှုန့်ကို တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် [TMR-008287(1124)]ဖြင့် တရားဝင်ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ နေလျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏ မဟာဖြေဆေးသည် နှစ်ကာလ ကြာရှည်စွာ ကောင်းမွန်သောနာမည်ဂုဏ်သတင်းကြီးစွာဖြင့် ယနေ့အချိန် အထိတိုင် ရပ်တည်နေသော ဆေးဝါးဖြစ်သည့်အပြင် ကောင်းမွန်သော အရည်အသွေးကြောင့်လည်းကောင်း၊ ထက်မြက်သည့်ဆေးစွမ်းအာနိသင် ကောင်းမွန်မှုကြောင့်လည်းကောင်း နိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူ များမှ ယုံကြည်စွာဖြင့် လက်ခံသုံးစွဲနေကြခြင်းဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေများ၏ ကုန်အမှတ်တံဆိပ်နှင့် မဟာဖြေဆေး၏ကောင်းမွန် မှုနှင့် ဂုဏ်သတင်းကျော်ကြားမှုတို့ကို အကျိုးပျက်စီးစေရန် လူတချို့မှ ရည်ရွယ်ချက်ရှိရှိဖြင့် Facebook လူမှုကွန်ရက်ကိုအသုံးပြုပြီး အထက်ပါ ဆေးဝါးကိုသုံးစွဲခြင်းကြောင့် ကျန်းမာရေးထိခိုက်စေကြောင်း၊ မဟာဖြေ ဆေး၏အန္တရာယ်ဟု ကျွန်ုပ်မိတ်ဆွေ၏ ကုန်ပစ္စည်းဆေးဘူးနှင့်တွဲလျက် မမှန်မကန်ရေးသားဖော်ပြမှုများကိုDavid Mike Facebook Account အမည်ဖြင့် ပြုလုပ်ခဲ့ပြီး L ô v e Myanmar Facebook Page မှ ၂၇-၆-၂၀၂၅ ရက်နေ့က ပြန်လည်မျှဝေထားသည်ကို တွေ့ရှိရသည့်အပြင် Henarypeter Tun Facebook Account နှင့် အခြားသူများမှလည်း ပြန်လည်မျှဝေခြင်း၊ နာမည်ဂုဏ်သတင်းပျက်ပြားအောင် Comment များတွင် လူအနည်းငယ်မှ မှတ်ချက်ပြုရေးသားထားသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အထက် ဖော်ပြပါ ကျွန်ုပ်မိတ်ဆွေ၏ ကုန်အမှတ်တံဆိပ်နှင့် မဟာဖြေဆေးအား Facebook လူမှုကွန်ရက်စာမျက်နှာပေါ်တွင် နာမည်ဂုဏ်သတင်း ပျက်ပြား စေရန် ရေးသားဖြန့်ဝေနေမှုများအားလည်းကောင်း၊ မဟာဖြေဆေး၏ နာမည်ဂုဏ်သတင်းကြော်ကြားမှုကို ပျက်ပြားအောင် Comment ဖြင့် ထိခိုက်အောင်မှတ်ချက်ပြုခြင်းများအားလည်းကောင်း၊ Like and Share ပြုလုပ်ခြင်းများအားလည်းကောင်း၊ မည်သူမျှမပြုလုပ်ကြပါရန်နှင့် ပြုလုပ် ထားသူများအနေဖြင့် လူမှုကွန်ရက်ပေါ်မှ ကြော်ငြာပါသည့်နေ့မှစ၍ ချက်ချင်းဖယ်ရှားပယ်ဖျက်ပေးရန်နှင့် ဤကြော်ငြာစာပါ အသိပေးတားမြစ် ချက်များအား လိုက်နာဆောင်ရွက်မှုမရှိလျှင်သော်လည်းကောင်း၊ ထပ်မံ ပြုလုပ်ကျူးလွန်လျှင်သော်လည်းကောင်း၊ အဆိုပါလိုက်နာဆောင်ရွက် ပေးမှုမရှိသူများအားလုံးကို တည်ဆဲဥပဒေများနှင့်အညီ စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇင်ဦး(ဥပဒေတွဲ့) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၉၇)**
**အမှတ်(၉၀၈/ခ)၊ အောင်သပြေ(၁၀)လမ်းအနောက်၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၈၁၄၄၄၄၅၁**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄၉)၊ မြေကွက်အမှတ်(၃၅၄)ဟုခေါ်တွင်သော (၄၀ ပေ x ၆၀ ပေ)ရှိ ပါမစ်မြေအမျိုးအစားခြံမြေကွက်နှင့်တကွ အကျိုးခံစားခွင့်များကို ဆက်စပ်စာချုပ် များဖြင့် ဝယ်ယူထားသူ ဒေါ်သီတာအေး [၁၂/ဥကတ(နိုင်)၁၆၃၄၅၇] က ယနေ့တိုင် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ပုစ်ပါကလီး [၇/ဖမန(နိုင်)၁၉၁၁၇၄]မှ ဥပဒေနှင့်အညီ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇာနည်ဝင်း(ခ)ဇာနီဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၄၁)**
**အမှတ်(၃၈၃)၊ ဇေယျာသုခလမ်း၊ နှင်းဆီကုန်း(က)ရပ်ကွက်၊**
**သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၄၈၈၈၅၀၈**

**ကန့်ကွက်နိုင်ပါသည်**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာအပိုင်း (၁)၊ (၄)ခန်းတွဲ ( ၅ ) ထပ်တိုက်၊ တိုက်အမှတ် - (၆၇)၊ အခန်းအမှတ် (၄၀၂)၊ (စတုတ္ထထပ်)၊ (၆၅၀ စတုရန်းပေ)ရှိသော အိုးအိမ်တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်စန္ဒာမိုး [၁၄/ဒဒရ(နိုင်)၁၂၃၆၇၁] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးထိန်ဝင်း [၁၂/ဒဂရ(နိုင်)၀၁၁၈၈၈]**ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်နန်းပိုးအိဖြူ [၇/ကဝန( နိုင်)၁၄၀၄၉၇]**က ဝယ်ယူရန်အတွက် **(၂၇ - ၆ -၂၀၂၅)** နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ **(၁၄)ရက်** အတွင်း ကျွန်ုပ်နှင့် တိုက်ခန်းပိုင်ရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကိုကိုင်ဆောင်၍ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်တိုက်ခန်းကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LL.B, WIPO, Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

# မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း(လယ်)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် (၄၆)၊ ၃-လွှာ/ဘီ၊ အကျယ်အဝန်း (၁၂ ½ ပေ x ၅၀ပေ) ဟု ခေါ်တွင်သော တိုက်ခန်းအပါအဝင် တိုက်ခန်းတွင် ဆွဲကပ်ထားသော မရွှေ့ပြောင်းနိုင်သောပစ္စည်း အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ချောစု [၁၂/စခန(နိုင်)၀၇၀၇၂၁]ထံမှ အဆိုပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ပေးကတိစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေစန္ဒာယမုံအေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၇၇)**
**အမှတ်(၁၉)၊ ၄လွှာ၊ ဗလွန်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၄၀၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀၊ ၃၂)၊ မြေကွက်အမှတ်(၁၄/ဒီ+၁/န-၁)၃၆၊ ဧရိယာ(၀.၀၆၀၈ဧက)အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်[အရပ်ခေါ်အားဖြင့် အမှတ်(၄၉၀/၃၆)၊ ရွှေဟင်္သာလမ်း၊ ၁၁-ရပ်ကွက်၊ လှိုင်မြို့နယ်ရန်ကုန်မြို့]နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်ရွှေသဉ္ဇာ[၁၂/ဗဟန(နိုင်)၀၉၉၁၂၉]အမည်ဖြင့် တည်ရှိလျက်ရှိပြီး၊ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၂၇)**
**အမှတ်(၁၂)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၄၂၀၈၇၁၊ ၀၉-၇၉၉၂၀၀၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၄၊ မြေကွက်အမှတ်-၁၁ ဟု ခေါ်တွင်သော(၄၀ပေx၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်ကြည်ကြည်ဆန်း အမည်ပေါက် ပါမစ်မြေကွက်အနက် မြေကွက်အမှတ်-၁၀နှင့်ကပ်လျက် (၂၀ပေx၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း )မြို့နယ်၊ (၁၂၄)ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ် - ၁၁ဟုခေါ်တွင်သော( RC )တစ်ထပ်တိုက်၊ ရေ၊ မီးအစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်အရပ်အားလုံးတို့ကို ဦးစိုင်းသကြိန်ထွန်း [၁၄/ဒဒရ( နိုင် )၁၆၂၂၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေဇင်ကျော် (ဘ)ဦးဝင်းစိန် [၁၂/ ကခက(နိုင်)၀၆၇၁၉၁]က ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ ဖော်ပြပါ မြေနှင့်အိမ်အရောင်းအဝယ်အား ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ကျွန်ုပ်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက ဖော်ပြပါမြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ကေဇင်ကျော်** | **ဦးဝေလင်းဌေး( LL.B, DIL )** |
| **၀၉-၄၂၀၁၅၆၉၄၇** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၁၈/၁၂)** |
| | **အမှတ်-၅၆၁၊ ပထပ်၊ အခန်း(၁၀၁/၂)၊ MAC TOWER၊** |
| | **ကုန်သည်လမ်းနှင့်ဘားလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊** |
| | **ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၉၀၉၈၊ ၀၉-၇၆၅၀၉၉၀၉၈** |

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၂၆၉)၊ အကျယ်အဝန်း(၂၅x၅၀)ပေ စတုတ္ထထပ်၊ ဘယ်ဘက်ခန်း တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ (၁)ဦးဇော်ဇော်[၁၂/စခန(နိုင်)၀၀၆၇၄၄]၊ (၂) ဒေါ်နှင်းနှင်းအေး[၁၂/ကမရ(နိုင်)၀၅၀၇၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဇင်မျိုး[၁၃/နခတ(နိုင်)၀၆၀၁၉၈]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မြင့်ဦး(LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၇၅)**
**အမှတ်(၁၁၉၈)၊ ပင်းယလမ်း၊ (၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၅၁၉၂၇၈၉၇**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း(၂၆)၊ ရွှေလင်ပန်းကျေးရွာနေ ဒေါ်သန်းညွှန့် [၁၄/ကလန(နိုင်)၀၂၂၄၀၀] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ သားဖြစ်သူ ကိုဟန်မျိုး (ဘ)ဦးစိန်ဝင်း[၁၄/ကလန(နိုင်)၁၁၈၁၄၈]သည် မိခင်၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်သန်းညွှန့်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေဝင့်ဝါထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၀၄)**
**အမှတ်(၂၉၀/ခ)၊ ပတ္တမြားရတနာလမ်း၊ (၉)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၀၇၅၀၇၅၂**

## ဦးမောင်မောင်သန်း

**ကပ/၂၀၃၉၁၊ တပ်မတော်(ရေ)ငြိမ်း**

## အသက်(၆၃)

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၆၆)ရပ်ကွက်၊ ရွှေဂျိုးဖြူလမ်း၊ ရွှေအင်းဝ အိမ်ရာ၊ တိုက်-၁၉၇/၄လွှာ၊ အခန်း၄(ဃ)နေ (ဦးမောင်မြင့်-ဒေါ်တင်အေး)တို့၏သား၊ (ဦးကြည်ဝင်း)-ဒေါ်သန်းသန်းမြင့်၊ ဦးခင်မောင်မြင့်-ဒေါ်သင်းသင်းစိုးတို့၏ ညီ/မောင်၊ ဦးထွန်းထွန်းနိုင်-ဒေါ်ခင်ချို၊ ဦးတိုးတိုးနိုင်-ဒေါ်ကေသွယ်မြင့်၊ (ဦးအောင်ဝင်းမြင့်)-ဒေါ်စန္ဒာဝင်း၊ ဦးအောင်ဝင်း-ဒေါ်စန်းစန်းမြင့်တို့၏အစ်ကို၊ မောင်ရဲမြတ်ကျော်၊ မောင်ရန်အောင်တို့၏ဖခင်၊ ဒေါ်မီမီသန်း(ခ)ဒေါ်ကြည်ကြည်မြင့်၏ ချစ်လှစွာသော ခင်ပွန်း ဦးမောင်မောင်သန်းသည် ၂၉-၆-၂၀၂၅ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၂၅ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။( အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ်(၃၈၉)၊ (၂)ခန်းတွဲ(၈)ထပ်တိုက်အဆောက်အဦ၏ (၈-လွှာ)(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၇x၅၄)ပေရှိ မီနီကွန်ဒို တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ပြုသော တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ကျော်**
**LL.B.,B.A(Business Law),C.B.L., DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၉)**
**အမှတ်(၇၈)ပထမထပ်၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-5045140, 09-250729155**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ လှူနေရပ်ကွက်(၁)ရပ်ကွက်၊ သမိုင်းမြို့ဟောင်း(၂)လမ်း၊ မြေကွက်အမှတ်(၈၅၁)ဟု ခေါ်တွင်သော ပေအကျယ်(၂၅x၅၀)ပေရှိ ဦးအောင်ဆွေဦးဂရန်အမည်ပေါက်နှင့် မြေကွက်ပေါ်တွင် စည်ပင်သာယာခွင့်ပြုချက်ဖြင့် ဆောက်လုပ်မည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီ(ခေါင်းရင်းခြမ်း)၊ ရေ၊ မီးအစုံ၊ ကိုယ်ပိုင်မီတာ BCC ပါ လှူနေတိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ဆွေဦး [၁၁/အမန(နိုင်)၀၃၂၁၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်နွယ်[၁၂/မရက(နိုင်)၁၂၄၄၇၅]ဖြစ်သူမှ အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ် ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား (ဂရန်မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျုံစစ်သားလမ်း၊ အောင်မြေသာယာ ShopHouse**
**(၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၀၄၃၁၀၉**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ လှူနေရပ်ကွက်အမှတ်(၁)ရပ်ကွက်၊ သမိုင်းမြို့ဟောင်း(၂)လမ်း၊ မြေကွက်အမှတ်(၈၅၁)ဟုခေါ်တွင်သော ပေအကျယ်(၂၅x၅၀)ပေရှိ ဦးအောင်ဆွေဦး ဂရန်အမည်ပေါက်နှင့် မြေကွက်ပေါ်တွင် စည်ပင်သာယာခွင့်ပြုချက်ဖြင့် ဆောက်လုပ်မည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီ(ခေါင်းရင်းခြမ်း)၊ ရေ၊ မီးအစုံ၊ ကိုယ်ပိုင်မီတာ BBC ပါ လှူနေတိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ဆွေဦး [၁၁/အမန(နိုင်)၀၃၂၁၄၈]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်ကြည်အေး[၁၁/ရဗန(နိုင်)၀၇၄၄၇၆]ဖြစ်သူမှ အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို (၁၀-၁-၂၀၂၅)ရက်နေ့က ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကို နှစ်ဦးသဘောတူ ပယ်ဖျက်ပြီးကြောင်းနှင့် (၂၇-၆-၂၀၂၅)ရက်နေ့ ကြေးမုံသတင်းစာ၌ ကြေညာထားခြင်းအားလည်း ယနေ့မှစ၍ နှစ်ဦးသဘောတူ ပြန်လည်ရုပ်သိမ်းပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျုံစစ်သားလမ်း၊ အောင်မြေသာယာ ShopHouse**
**(၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၀၄၃၁၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၉၉)၊ (၇/B)၊ စတုရန်းပေ(၁၇၀၀ sqft) ခန့်ရှိတိုက်ခန်းအား ပိုင်ဆိုင်သူ ဒေါက်တာခင်ပြုံး[၁၄/ပသန(နိုင်)၁၄၆၁၆၄]ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဒေါ်အက်စတာခေါန်[၁/ရကန(နိုင်)၀၂၄၇၇၅] က စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်သဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်သိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၂၆)**
**အမှတ်-၈၉(၃/A)၊ သိပ္ပံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၄၀၉၂၁၂**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်မြကြင်

## အသက်(၈၇)နှစ်

ဘိုကလေးမြို့နေ (ဦးအေးဖေ-ဒေါ်ဝက်)တို့၏သမီး၊ (ဦးကြည်စန်း)၏ ဇနီး၊ ဦးကျော်စိုး-ဒေါ်မိုးမိုးတင်၊ ဦးမင်းသိန်း-ဒေါ်ကြည်ကြည်လွင်၊ ဒေါ်တင်တင်ခိုင်၊ ဦးကျော်ဇော်ဦး-ဒေါ်ဝါဝါစမ်းတို့၏ မွေးသမိခင်၊ သူရစိုး၊ ထက်ထက်၊ အိမ့်မှူးဂျူလိုင်တို့၏ အဘွားဖြစ်သူ ဒေါ်မြကြင်သည် ၂၈-၆-၂၀၂၅ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့၊ မြေနုလမ်း၊ မြေနုကွန်ဒိုနေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၂၅(သောကြာနေ့)တွင် အထက်ပါ နေအိမ်၌ ရက်လည်ဆွမ်းကပ်လှူမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၂၄)၊ ရဲစုအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၁/၃)၊ ဧရိယာ(၄.၄၇)ဧကရှိ မခွဲမစိတ်ရသေးသော မြေကွက်ကြီးအနက်မှ အကျယ်အဝန်း(၄၉၇၃)စတုရန်းပေရှိ မြေအကွက်အမှတ် (E2 + E3)၊ မြအိမ်ရာ၊ ဘွက်ကြီးကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိ ပိုင်ဆိုင်အကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ အမည်ပေါက် ဦးမြင့်ဇော်[၁၂/ပဘတ(နိုင်)၀၂၃၉၇၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဆွေ LL.B ,LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၈၉၈)**
**အမှတ်-၉/၁၁၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃ A+B)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၅၀၃၈၉၇၄**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မှော်ဘီခရိုင်၊ လှပဒါးကျေးရွာ၊ ကွင်းအမှတ်(၆၀၃/B)၊ ကွင်းအမည်(နတ်ရဲတောင် ကွင်း)၊ ဦးပိုင်အမှတ်(၃၁/၁)၊ ဧရိယာ(၀.၆၂)ဧက၊ မြေခွန်ပြေစာတွင် ဦးထွန်းကျင် အမည်ပေါက်ထွက်ရှိသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်သူ ဒေါ်ခင်စိုးကြည်[၁၂/မဘန(နိုင်)၁၇၄၁၆၀]မှ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိစုစုဇွန် [၁၂/ကမရ(နိုင်)၀၅၉၄၀၇]မှ ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၈၁၈၂၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကံကလေး(အမ်)ကျေးရွာအုပ်စု၊ ကံကလေးကွင်း၊ ကွင်းအမှတ်(၆၃၃)၊ ဦးပိုင်အမှတ်(၂၃/၂) ဦးစောမိုးရှေ အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိထားသည့် ဧရိယာ(၁.၆၂)ဧကနှင့် မြေပိုအပါ(၂)ဧကခန့်ရှိ လယ်မြေကွက်နှင့် ယင်းလယ်မြေကွက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ နော်ဖောထူး (ဘ)ဦးရောဘတ်[၁၂/မဘန(နိုင်)၀၄၆၀၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇာနည်ဟိန်း[၁၂/မဂဒ(နိုင်)၁၅၉၈၈၅]က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇာနည်ဟိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ဝင်း ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၂၄)**
**(၁/ရ-၁၂၃)၊ ၁/ရ(၅)လမ်း၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၀၃၀၆၈၇၊ ၀၉-၇၉၅၄၈၅၄၃၈**

MOEE
YESC
Hot Plate မီးဖို၊ ကွိုင်မီးဖိုများအစား အပူစွမ်းအင် လေလွင့်မှု နည်းပါးသည့် Electronic Cooker (သို့) ဒယ်နီကို အသုံးပြုပါ။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မည်သည့် အဖွဲ့အစည်းတွင်မဆို ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် မိမိအဖွဲ့အစည်းက အားကိုးရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်စေရန်နှင့် မိမိအရည်အသွေးကို တိုးတက်အောင် အမြဲကြိုးစားဆောင်ရွက်နေကြရန်လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပြုလုပ်သောဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ယနေ့ ဖတ်စရာ

**ဝေါမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ သိန်း သိမ်းဆည်းရမိ**
စာမျက်နှာ » ၁၄

**Kickboxing အားကစားနည်းမှ အားကစားသမားများ လူရွေးချယ်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် IMANE AMATEUR FUTSAL CUP 2025 ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ**
စာမျက်နှာ » ၂၄

**ဂျာမနီယူ-၂၁ အသင်းကို အနိုင်ရပြီး အင်္ဂလန်ယူ-၂၁ အသင်း ဥရောပယူ-၂၁ ချန်ပီယံရှစ်ဖလား နှစ်ကြိမ်ဆက်တိုက် ဆွတ်ခူး**
စာမျက်နှာ » ၂၅

## အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်း ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု(ဂ) ပထမနေ့ကို ဇွန် ၂၉ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ပထမပွဲအဖြစ် တာ့ခ်မင်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ရှစ်ဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ အဖွင့်လှသွားပြီး ခြေစစ်ပွဲအောင်မြင်ရန် အခြေအနေကောင်းသွားသည်။ မြန်မာအမျိုးသမီးအသင်းသည် အဆုံးသတ်အားနည်းမှုများရှိသော်လည်း ဂိုးပြတ်ရလဒ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း ပွဲထွက်လူစာရင်းတွင် မျိုးမြမြငြိမ်း(ဂိုး)၊

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ☆



မြန်မာအသင်းမှ စန်းသော်သော်နှင့် ဝင်းဝင်းတို့၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို တာ့ခ်မင်နစ္စတန် ဂိုးသမား ကာကွယ်နေစဉ်။

## UFC-317 ပြိုင်ပွဲတွင် ဂျိုရှုအာဗန် လက်စွမ်းပြအနိုင်ရပြီး ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်စိန်ခေါ်ပွဲ ထိုးသတ်ခွင့်ရမည်

ရန်ကုန် ဇွန် ၂၉

UFC–317 ပြိုင်ပွဲကို ဇွန် ၂၉ ရက် နံနက်ပိုင်းက အမေရိကန်နိုင်ငံ၌ ကျင်းပရာ မြန်မာဖိုက်တာ ဂျိုရှုအာဗန် လက်စွမ်းပြပြီး အနိုင်ရရှိသည်။

ဂျိုရှုအာဗန်သည် UFC ဖလိုင်းဝိတ်တန်း အဆင့်သတ်မှတ်ချက်(၁)နေရာတွင် ရပ်တည်နေသည့် အမေရိကန်ဖိုက်တာ ဘရန်ဒန်ရွိုင်ဗယ်နှင့် ထိုးသတ်ခဲ့ရာ အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဂျိုရှုအာဗန်သည် ဇွန် ၈ ရက်တွင် ဘရူနိုဆေးလ်ဗားနှင့် ထိုးသတ်ပြီးနောက် ၂၁ ရက်အကြာတွင်

စာမျက်နှာ ၂၆ ကော်လံ ၃ သို့ ☆




## အကြိမ် (၄၀)မြောက် Junior Golf Myanmar Championship ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ Junior Golf Myanmar (JGM)၏ အကြိမ် (၄၀)မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၂၉ ရက်က ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ ပြိုင်ပွဲလက်ခံကျင်းပပေးသော ရန်ကုန်ဂေါက်ကလပ်အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်

စာမျက်နှာ ၂၄ ကော်လံ ၅ သို့ ◆




မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး အသက် ၁၈ နှစ်အောက်(အမျိုးသား) သက်တမ်းတွင် ချန်ပီယံဖြစ်ခဲ့သည့် မင်းခန့်သော်အား ဆုချီးမြှင့်စဉ်။